ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (6-7-2008) (၅၇၃၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် စက်မှုဇုန်များကို တည်ဆောက်ပေးနေ

တိုင်းရင်းသား စက်မှုလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးကိုပါ အားပေးမြှင့်တင်ပေးလျက်ရှိ

စက်မှုလုပ်ငန်းရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များနှင့်အညီ အမြဲတီထွင်ကြိုးစား

မိမိတို့ထုတ်လုပ်သော စက်မှုပစ္စည်းများကို ပြည်တွင်းသုံးသက်သက်သာမက ပြည်ပပို့ကုန်အဖြစ်ပါ မျှော်မှန်း

အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာသော ကုန်ပစ္စည်းများဖြစ်စေရေး စီမံထုတ်လုပ်



ရန်ကုန် ဇူလိုင် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန် လှသီဂီလမ်းရှိ Myanmar Lighting Manufacturing Co.,Ltd. သို့ ရောက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ Myanmar Lighting Manufacturing Co., Ltd. ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးစိန်ဝမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံ Plant Manager ဦးခန့်ဇော်က စက်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေနှင့် အနာဂတ်တွင် တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးစိန်ဝမ်းက စက်ရုံမှထုတ်လုပ်သော **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်ရှိ Myanmar Lighting Manufacturing Co., Ltd.၏ မီးသီး၊ မီးချောင်းစက်ရုံမှ Super Lamp မီးချောင်းများ၊ မီးသီးများ ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ တယ်လီဖုန်းလိုင်းအားလုံး ရာခိုင်နှုန်းပြည့်နီးပါး ပြန်လည်ပြုပြင်ပြီးစီး၍ အသုံးပြုနိုင်ပြီ ချို့ယွင်းဆဲတယ်လီဖုန်းလိုင်းများ တစ်အိမ်ချင်း၊ တစ်လိုင်းချင်း အမြန်ဆုံးပြုပြင်ပေးသွားမည်

နေပြည်တော် ဇူလိုင် ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ချို့ယွင်းပျက်စီးခဲ့သော တယ်လီဖုန်းတိုင်များအား အသစ်စိုက်ထူခြင်း၊ တယ်လီဖုန်းကေဘယ်လ်များ အသစ်အစားထိုးလှဲလှယ်ခြင်း လုပ်ငန်းများကို နေ့စဉ်နှင့်အမျှ နားရက်မယူဘဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ရန်ကုန်မြို့ရှိ တယ်လီဖုန်းလိုင်းအားလုံး၏ ရာခိုင်နှုန်းပြည့်နီးပါး ပြန်လည်ပြုပြင်ပြီးစီး၍ အသုံးပြုနိုင်ပြီဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ပြုပြင်ရန်ကျန်ရှိနေသေးသည့် ချို့ယွင်းဆဲ တယ်လီဖုန်းလိုင်းများကို အထူးပြင်ဆင်ရေးအဖွဲ့များဖြင့် တစ်အိမ်ချင်း၊ တစ်လိုင်းချင်း အမြန်ဆုံး ပြုပြင်ပေးသွားမည်ဖြစ်သည်။ သက်ဆိုင်ရာ သုံးစွဲသူများသည် မိမိတယ်လီဖုန်း ချို့ယွင်းဆဲဖြစ်ပါက ဖုန်း-၁၀၆၊ ၁၀၂ နှင့် ဖက်စ် ၀၁-၃၉၂၂၄၄ တို့သို့ ဆက်သွယ်အကြောင်းကြားပေးကြရန်နှင့် ယင်းဖုန်း၊ ဖက်စ်တို့သို့ နေ့စဉ် ၂၄နာရီ (ပိတ်ရက်မရှိ) အကြောင်းကြားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ နေရစ်ခဲ့တော့ ၉၀ ပြည့်နှစ် ရလဒ်ဟောင်း

"တည်ဆဲအစိုးရအဖွဲ့အစည်း၊ ဒါမှမဟုတ် အာဏာပိုင် အဖွဲ့အစည်း၊ ဒါမှမဟုတ် ပြည်သူလူထုက အတည်ပြု ပြဋ္ဌာန်းပေးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်ဝင် ရှင်သန်ပြီး တရားဝင်။"

ပေါက်စ၏ "နေရစ်ခဲ့တော့ ၉၀ ပြည့်နှစ် ရလဒ်ဟောင်း" (ဆောင်းပါး) စာမျက်နှာ-၆

ကြေးမုံ
The Mirror
၆-၇-၂၀၀၈
(တနင်္ဂနွေနေ့)

နယ်စပ်ဒေသ ပညာရေးအခြေခံများ တိုးမြှင့်ဖော်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ချမှတ်ဖော်ဆောင်နေသည်။ ၁၉၈၉ ခုနှစ်မှစတင်၍ နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံလိုအပ်ချက်များကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ ဘဏ္ဍာငွေကျပ် သန်းပေါင်း၁၇၈၇၈၉ ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။

ဒေသခံတိုင်းရင်းသားပြည်သူများ ပညာရည် မြင့်မားပြီး အသိအမြင် ကြွယ်ဝမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှု ရေရှည်ခိုင်ခံ့မည်ဖြစ်ရာ နယ်စပ်ဒေသများ၏ ပညာရေးအခြေခံများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များထဲမှ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး အတွက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ၂၀၀၀ ပြည့်နှစ်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် (မန္တလေး) တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိသူ ၂၁၅ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ယခုအချိန်အထိ အဆိုပါ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုမှ မွေးထုတ်ပေးလိုက်သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသူ ၅၅၄ဦးနှင့် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ ၂၂၉ဦးတို့သည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

နယ်စပ်ဒေသနေ လူငယ်များ ပညာသင်ကြားရေးအတွက် စာသင်ကျောင်းများ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းပေါင်း တစ်ထောင်ကျော်၌ ကျောင်းသား၊ ကျောင်းသူ နှစ်သိန်းကျော် ပညာသင်ယူလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ပညာရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးဆိုင်ရာ အခြေခံများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ စွမ်းရည်မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင် တိုင်းရင်းသား လူငယ်များ ပိုမိုပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

မော်လမြိုင် ဘုရားနှစ်ဆူ မိုးကုတ်တရားစခန်း

ရန်ကုန် ဇူလိုင် ၅

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ရိပ်သာ၌(၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၉ရက်)ဇူလိုင် ၁၁ရက်မှ(ဝါဆိုလပြည့်) ဇူလိုင် ၁၇ရက်အထိ မိုးကုတ်ဝိပဿနာ ခုနစ်ရက် ဝါဆိုတရားစခန်းပွဲကိုကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲ၌ ဆရာတော် ဘဒ္ဒန္တရေဝတ(သာသနာပြုနယ်လှည့်ဓမ္မကထိက၊ကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်က ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များအား ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားမည် ဖြစ်ရာတရားစခန်းဝင်လိုသူများသည် (၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၈ရက်) ဇူလိုင်၁၀ရက်ညနေ ၅နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူ ဦးအေးမောင်-ဒေါ်အမာ၊ ဒေါ်သန်းကြည်၊ ဒေါ်ပြုံးကြည်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု ဦးညွန့်ကြည်၊ ဦးလှမြင့် (ရွှေဆိုင်)၊ ဒေါ်ခင်မိမိ၊ ဦးသန်းအောင် မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ထံရေစက်ချအနုမောဒနာတရားနာယူပြီးတိ-နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၄ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာန အနေဖြင့် အဓိကတာဝန်ကြီး(၃)ရပ်၊ ရည်မှန်းချက်တာဝန်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရန်လိုကြောင်း၊လုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ ပြည်သူအပေါ် စေတနာထားကာ ရည်မှန်းချက် တာဝန်များသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးများက ပြည်နယ်နှင့်တိုင်းများအလိုက် လူဦးရေနှင့် လူမျိုးများ ပျံ့နှံ့တည်ရှိမှု၊ အသက်အပိုင်းအခြားအလိုက် လူဦးရေ အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ရည်မှန်းချက်တာဝန်များအား စီမံချက်များအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က လုပ်ငန်းဆိုင်ရာများကို ခြုံငုံသုံးသပ်ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်စောလွင်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုံမြို့နယ် စောရန်ပိုင် (အရှေ့) နှင်းဆီကုန်းလမ်းနေ ဦးမောင်မောင်ကြီး-ဒေါ်မြသွင် မိသားစုက ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ်(၆၃) ပထမထပ်၊ ဘုန်းကြီးလမ်းအသင်းတိုက်တွင် ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက်၅နာရီမှ ၉နာရီအထိ ကျင်းပမည်ဖြစ်ပြီး လပွတ္တာမြို့ပေါ်ရှိ ကျောင်းတိုက်အားလုံးအား လပွတ္တာမြို့ ကိုးနဝင်းကျောင်းတိုက်တွင် ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်၍ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင် ဖုန်း ၅၇၃၂၈၀၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း -၅၄၁၈၀၆၊ အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၇၀၃၀၇၇နှင့် အသင်းတိုက် ဖုန်း-၂၂၂၀၈၈ တို့တွင် လည်းကောင်း၊ လပွတ္တာမြို့တွင် ဦးနေဝင်းနှင့် ဦးတင်ဦးတို့ထံသို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဖြူးမဟာစည် သိမ်တော်အလှူ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်ရှိ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအရှင်မြတ် (သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်း ပြည်ပမဟာစည်နာယက) သီတင်းသုံးတော်မူသော ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဖြူးမဟာစည်သာသနဝုပိုကာရီ သိမ်တော်မြတ်ကြီးကို တည်ဆောက်လျက်ရှိရာကုသိုလ်ပါဝင်လိုသူများအနေဖြင့် ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)၊ ၀၉၅၀- ၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး အောင်နိုင် ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် ပါရမီယာဉ်ရပ်နားစခန်း၌မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများမှယာဉ်မောင်း၊ယာဉ်နောက်လိုက်များအား ယာဉ်မတော်တဆမှုအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောစဉ်။ (သတင်းစဉ်)

ရွှေနဒီ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တည်ထောင်ဖွင့်လှစ်ရန်ငွေကျပ်သိန်းတစ်ထောင် လှူဒါန်း

ရန်ကုန် ဇူလိုင် ၅

ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလဂူကျောင်းစာသင်တိုက် ထေရာဝါသစံကျောင်းတော်ကြီး၌ အလှူရှင် သီဟသုဓမ္မမဏိဇောတရေ ဦးစိုးသိမ်း-သီရိသုဓမ္မသီဂိ ဒေါ်ဆင်နု(ရွှေနဒီ) မိသားစုတို့က ရွှေနဒီပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းတည်ထောင်ဖွင့်လှစ်နိုင်ရန် ပထမအကြိမ် အလှူငွေ ကျပ်သိန်းတစ်ထောင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၁ ရက်ညနေ၃နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် စိတ္တပါလဂူကျောင်းဆရာတော်၊ ခေမာသီဝံဆရာတော်၊ သုခဝတီဆရာတော်တို့ထံမှ ဩဝါဒကထာများနာယူကာသီဟသုဓမ္မမဏိဇောတရေဦးစိုးသိမ်း-သီရိသုဓမ္မသီဂိဒေါ်ဆင်နု (ရွှေနဒီ) မိသားစုက ပထမအကြိမ်အလှူငွေ ကျပ်သိန်းတစ်ထောင်ကို ပေးအပ်လှူဒါန်းရာ ကျောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးဆန်းဝင်းအောင် (ဇမ္ဗူအေး)၊ ဘဏ္ဍာရေးမှူး ဦးအောင်ကျော်မိုး (မြကြေးမုံ)၊ ဦးကြည်ဝင်းတို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

(က-ပ)

လပွတ္တာမြို့ ကျောင်းသားကျောင်းသူများအတွက် သွားလာရေးအဆင်ပြေစေရန် စက်ဘီးအစီး ၃၀ လှူဒါန်း

ရန်ကုန် ဇူလိုင် ၅

လပွတ္တာမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအားမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှစက်ဘီးအစီး ၂၀၊ မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ စက်ဘီး ၁၀ စီး စုစုပေါင်းအစီး ၃၀ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃၀ရက် ညနေပိုင်းက လပွတ္တာမြို့နယ် (၃)မိုင်လေဘေး ကယ်ဆယ်ရေးစခန်းတွင် ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ခင်မောင်ဝင်းနှင့် မက်စ်မြန်မာ ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က စက်ဘီးများကို ကျောင်းသူ၊ ကျောင်းသားများထံသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင်မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ ကျောင်းသား၊ ကျောင်းသူများအား လွယ်အိတ်၊ဗလာစာအုပ်၊ဘောလ်ပင်နှင့် ပေတံများ ပေးအပ်လှူဒါန်းခဲ့သည်။ လပွတ္တာမြို့နယ်လေဘေးသင့်ကျေးရွာများဖြစ်သောပြင်စလူ၊စလူဆိပ်စသည်တို့မှ (၃)မိုင်နှင့် (၅)မိုင် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသော အဆိုပါ အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်လပွတ္တာမြို့အခြေခံပညာအထက်တန်းကျောင်းသို့ တက်ရောက်ရာတွင် သွားလာမှုအဆင်ပြေစေရန်အတွက် ယခုကဲ့သို့ စက်ဘီးများလှူဒါန်းရခြင်းဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

မက်စ်မြန်မာ ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော် လပွတ္တာမြို့မှ ကျောင်းသား၊ ကျောင်းသူများအား စက်ဘီးများ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်သစ်၏ ရေချိုးခန်း၊ အိမ်သာပါ အခန်းတစ်ခန်းအတွက် ငွေကျပ်သိန်း၃၀နှင့်ကျောင်းနေသံဃာတော်များအတွက်ထာဝရဆွမ်းပဒေသာပင်ငွေကျပ်နှစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၃၂သိန်းကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းနေ ဦးတင်ထူးနှင့် ဒေါ်နွဲ့နွဲ့ဝင်း၊ သားမောင်ထူးအောင်ဝင်း၊ သမီးမခင်စုစုဝင်း (ထူးရေခဲမုန့်)မိသားစုက ကျောင်းပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိက မထေရ်မြတ်ရှေ့မှောက်၌ လှူဒါန်းရာ ဆရာတော်က အနုမောဒနာရေစက်ချတရားချီးမြှင့်ပြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရေ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) ကအလှူငွေများကို လက်ခံယူစဉ်။
(က-ပ)

ကျိုက်ပျော်မြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၅

ကျိုက်ပျော်မြို့နယ်အသင်း၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ၊ဆရာတော်နှင့် အသင်းနာယကကြီးများ၏ ဩဝါဒခံယူပွဲကို (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်) ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အသင်းတည်ရာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သီရိမင်္ဂလာရတနာဗိမာန်စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့နယ်သူ၊ မြို့နယ်သား အားလုံး လှူဒါန်းပူဇော်နာယူနိုင်ကြောင်း သိရသည်။

(က-ပ)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်



ရန်ကုန် ဇူလိုင် ၅

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သောအလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀၀ိ/-
၂။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀၀ိ/-
၃။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀၀ိ/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀၀ိ/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀၀ိ/-
	(ဂ) ရှေရာ-၁	၁၁၂၈၆၀၀ိ/-
၅။	ဓာတ်မြေဩဇာတစ်အိတ်	၁၈၀၀၀ိ/-

(သတင်းစဉ်)

ကြည့်ရှုအားပေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာရေး အတွက် ၂၀၀၈ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက် ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၇နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ နှင့် လုပ်ငန်းများမှ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေကြစဉ်။ (သတင်းစဉ်)

တမာပင်စိုက်ပျိုး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီး ဌာန၏ ၂၀၀၈ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်း အမှတ်အဖြစ် တမာပင်ကို စိုက်ပျိုး ပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီး ဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း နှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းတို့က တမာပင်ကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း များမှ ဝန်ထမ်းများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံ ကြည့်ရှုအားပေးပြီး သစ္စာပန်းနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထားမှု၊ လျှို့ပိတ်ဆည်များအတွင်း ရေဝင် ရောက်မှုနှင့် ငါးမွေးမြူထားရှိမှု အခြေအနေတို့ကို ကြည့်ရှု စစ်ဆေး ကာ လိုအပ်သည်များကို တာဝန်ရှိသူ များအား မှာကြားသည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေး ဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် တတိယ ပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ တမာ၊ စိန်ပန်း၊ မြန်မာရှား၊ သစ်ဆိမ့်၊ ကုက္ကိုနှင့် သဘော်ကုက္ကိုစသည့် အပင်များကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၃၀၀၊ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင် သံကြား၌ အပင်ပေါင်း ၁၆၀၀၊ နေပြည်တော်တပ်ကုန်းရှိ နေပြည် တော်သတင်းစာတိုက်၌ အပင်ပေါင်း ၄၀၀၊ နေပြည်တော်တပ်ကုန်းရှိ နေပြည်တော်ပုံနှိပ်စက်ရုံ၌ အပင် ပေါင်း ၅၂၅ပင် စုစုပေါင်းပျိုးပင် ၂၈၂၅ပင်တို့ကို စိုက်ပျိုးကြသည်။

ကွက်ပြည့်စိုက်ပျိုးမည်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ပတ်ဝန်းကျင် စိမ်းလန်း စိုပြည်သာယာရေးအတွက် မြေလွတ်မြေလပ်များကို အကွက်ချ၍ အပိုင်းလိုက် အပတ်စဉ် စိုက်ပျိုးသွား မည်ဖြစ်ရာ ကျန်ရှိသောအပင်များကို သတ်မှတ်နေရာများ၌ ဇူလိုင်လ အတွင်း ပြီးစီးအောင် ကွက်ပြည့်စိုက် ပျိုးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မဟာသရဏဂုံ"တရားတော် (ဘဒ္ဒန္တဝေပုလ္လ ဆရာတော်)
၈း၀၀ - ၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ခင်မောင်ညို(ဘောဂဗေဒ)]
၈း၄၅ - ၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀ - ၂း၅၀	ဟိုင်းကြီးကျွန်းတစ်ဝိုက်ရိုက်ခတ်ခဲ့သောစေတနာလှိုင်းများ
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	မိသားစု တနင်္ဂနွေ (Happy World)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅- ၃း၃၅	ဖွံ့ဖြိုးစည်ကား အစင်နှင့် ဇီးဖြူသောင်စံပြကျေးရွာများ
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	Yangon Panorama (တတိယအကြိမ်မြောက်ရွှေအမြုတေစာပေဆုပေးပွဲ)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	“တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ” (မွေးမြူရေးအစာထုတ်လုပ်ရေး)
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	လှပဝင့်ထည်၊ မြန်မာ့ကြိမ်ထည်
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	ရိုးရာဆေးပညာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
၁၁း၅၅ - ၅း၅၅	သွားမယ် စားမယ် (KSS Thai and Chinese Restaurant)
၁၂း၀၅- ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	မြန်ပြည်တစ်ခွင်ထိန်လင်းစေဖို့ မြန်မာအင်ဂျင်နီယာအစွမ်းနှင့် ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းကြီး တည်ဆောက်ကြပါစို့
၁၂း၃၅ - ၆း၃၅	Fashion Guide (မျက်နှာအနေအထားအမျိုးမျိုးအတွက် မိတ်ကပ်လိမ်းခြယ်နည်း အဆင့်ဆင့်-၂)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပဲခူးတိုင်းမင်းလှမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၅

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန် တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်းတွင်တည်ရှိသော ဇေယျဝတီ ကျောင်းတိုက် ကြီးရှိ ကျောင်းတိုက်ကြီး (၁၇)တိုက်မှ ပဓာန နာယက ဆရာတော်ကြီး ၁၇ပါး အားဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင်စိုက်ထူမည်ဖြစ်ရာ ရန်ကုန်မြို့ နှင့်နယ်များရှိ မြို့နယ်သူမြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန် နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဒေါက်တာလှမောင် ဖုန်း- ၅၃၇၅၀၇၊ ဦးတင်အောင် ဖုန်း-၀၉၅၀-၁၂၁၄၁၊ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့် (ငြိမ်း) ဖုန်း-၀၉၈၀-၂၅၂၆၉၊ ဘဏ္ဍာရေးမှူး ဦးဖုန်းတင့် ဖုန်း-၀၉၉၉- ၂၀၀၁၄၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၀၉၅၀-၄၁၇၉၃၊ ဦးသန်းစိုး (ညွှန်ကြားရေးမှူး၊ ပင်စင်ဦးစီးဌာန) ဖုန်း-၀၉၅၀-၃၈၉၁၆ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီတာတပ်ဆင်ပြီးသော တက္ကစီ စီးရေ ၃၀၃၅စီးရှိ ခရီးသည်ငှားရမ်းပါက မီတာချိုး၍ မောင်းရန်လို

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရီးသွားပြည်သူများအား ယာဉ်စီးခနှုန်းထား သက်သာစွာ၊ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးကို ရည်ရွယ်ပြီး CNG ပြောင်းလဲတပ်ဆင် ပြီးသော City Taxi ယာဉ်များကို Taxi Meter တပ်ဆင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ တပ်ဆင်မည့် Taxi Meter များ၏ စက်မှုပိုင်းဆိုင်ရာများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဖြင့် စနစ်တကျစစ်ဆေးမှုပြုခဲ့ပြီး ခရီးသွားနှင့် ယာဉ်မောင်းသူများ ယာဉ်စီးခနှုန်းထား မျှတမှုရှိစေရေးအတွက် City Taxi (ရိုးရိုး)နှင့် City Taxi (မီတာတပ်ဆင်ပြီး) တို့ကို ကြိမ်ဖန်များစွာ စီးနင်းစေပြီးမှ သင့်တင့်မျှတသော ယာဉ်စီးခနှုန်းထားကို စီစဉ်သတ်မှတ်ခဲ့ခြင်းများ ဆောင်ရွက် ခဲ့သည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပြီး City Taxi များက Taxi Meter တပ်ဆင်ခြင်းကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇွန် ၃၀ရက်အထိ အပြီးဆောင်ရွက်ခဲ့ရာ ဇွန်၂၉ရက်အထိ City Taxi ယာဉ်စီးရေ ၃၀၃၅စီးကို တပ်ဆင် ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ကျန်ရှိသော City Taxi ယာဉ်များကိုလည်း မီတာတပ်ဆင်ရေးအတွက် ကြပ်မတ်ဆောင် ရွက်လျက်ရှိသည်။

သို့ပါ၍ ခရီးသွားပြည်သူများကလည်း Taxi Meter တပ်ဆင်ပြီးသော City Taxi များကို ငှားရမ်း အသုံးပြုပါက Taxi Meter ၏ ကျသင့်ငွေအတိုင်း ပေးချေကြရမည်ဖြစ်ပြီး Taxi Meter တပ်ဆင်ပြီးသော City Taxi ယာဉ်မောင်း များကလည်း ခရီးသည်ငှားရမ်းပါက Taxi Meter ချိုး၍ မောင်းနှင်ကြရမည်ဖြစ်သည်။

ထိုသို့ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက မီတာတပ်ဆင်ပြီးသော City Taxi ယာဉ်မောင်း များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ကြည်အေးဓမ္မရိပ်သာ လစဉ်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခုလ တရားစခန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၈ရက်) ဇူလိုင် ၁၀ရက် ကြာသပတေးနေ့ ညနေ အရောက်ယောဂီများ လာကြရမည် ဖြစ်သည်။

တရားစခန်းပွဲတွင် ကြည်အေး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာ တော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ- မဟာဓမ္မာစရိယ)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်းဟောကြားမည်ဖြစ်၍ ယောဂီ များ ရွှေစကြာ ဆန်ဆီရောင်းဝယ်ရေး ဆ/၁၂၄-မဲခါဝီလမ်းမကြီးမြောက် ဥက္ကလာပ ဖုန်း-၇၀၅၇၈၀၊ ၀၉- ၅၁၀၅၀၅၉၊ ၀၉-၉၉၇၃၆၉၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၅

အိန္ဒိယသမ္မတနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြမည့် မြန်မာရဟန်းတော် ၂၅၈ ပါးနှင့် အာသံ-တြိပူရ-မဏိပူရဒေသများရှိ သံဃာတော်အပါး ၄၀၀တို့အတွက် မဇ္ဈိမဒေသ အကြိမ် (၃၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဖုန်း- ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊ ၀၁-၇၂၇၇၄၆၊ ၀၁-၅၃၆၃၄၈ နှင့် ၀၁-၅၄၂၂၃၆ တို့သို့ ဇူလိုင် ၁၆ရက် နောက်ဆုံးထားလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးအသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၅

မန္တလေးအသင်း (ရန်ကုန်)က ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးကျောင်းတိုက်မှ ဆရာတော်သံဃာတော် ငါးပါးအားပင့်ဖိတ်၍ အမှတ် ၆၂၈/၆၃၂(ပထမထပ်) ကုန်သည်လမ်း မန္တလေးအသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ စေတနာရှင်များကြွရောက် ဝါဆိုသင်္ကန်းကပ်လှူဒါန်းပါရန်နှင့် လှူဒါန်းလိုသူများ အသင်းတိုက် ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

၂၀၀၈ခုနှစ်၊ ဇူလိုင်လ ၁၃ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

သတင်းမှတ်စု
ဝင်းနိုင် (ကြေးမုံ)
ဓာတ်ပုံ
ခင်မောင်ဝင်း(ကြေးမုံ)

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နေ့စဉ်ပုံမှန်ဖွင့်လှစ်ထား လာရောက်ကြည့်ရှုလေ့လာသူများနှင့် ပြန်လည်စည်ကားလျက်ရှိ

ပျော်ပျော်ရွှင်ရွှင်

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အတွင်း မိသားစုများ သူငယ်ချင်းများ၊ ကလေးများ အပျော်စီးကားများဖြင့် ပျော်ပျော်ရွှင်ရွှင်။

ရန်ကုန် ဇူလိုင် ၅

မေ ၂ ရက်နှင့် ၃ ရက်တို့က တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ သို့သော်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ပူးပေါင်းမှု စွမ်းပကားဖြင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို လက်တွဲညီညီဆောင်ရွက်ခဲ့ရာ ယခုအချိန်အခါတွင် လေဘေးသင့်ဒေသများမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ရန်ကုန်မြို့တွင် အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေရာနေရာ တစ်ခုဖြစ်သည့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အတွင်း သစ်ပင်များပြိုလဲခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်း၊ တိရစ္ဆာန်ခြံဝင်းလှောင်အိမ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း တိရစ္ဆာန်များ အသေအပျောက် မရှိခဲ့ကြောင်းသိရသည်။ ပြိုလဲသစ်ပင်များ ရှင်းလင်းခြင်းနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းတို့ကို သစ်တောရေးရာ ဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနတို့မှ စက်ယန္တရားများ၊ ဝန်ထမ်းများ၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)မှ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ဇူလိုင် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ကြေးမုံ သတင်းအဖွဲ့သည် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) သို့ ရောက်ခိုက် မုန်တိုင်းပြီးစ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု၊ အဆောက်အအုံများ ပြုပြင်တည်ဆောက်မှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

“မေ ၃ရက် မုန်တိုင်းတိုက်ပြီးတော့ တိရစ္ဆာန်တွေအတွက် အဓိကလိုအပ်တဲ့ရေကို ကန်တော်ကြီးထဲကနေ ရေစုပ်စက်တွေနဲ့ စုပ်ယူဖြန့်ဖြူးပေးခဲ့ပါတယ်။ သုံးရက်အတွင်းမှာ မြို့တော်စည်ပင်က ရေပြန်ရတယ်။ တချို့မျောက်တွေ လွတ်ထွက်သွားတာရှိခဲ့ပေမယ့် အစာကျွေးချိန်မှာ ပြန်ရောက်လာကြတယ်၊ ဒါကြောင့် တိရစ္ဆာန်တွေအနေနဲ့ သေဆုံး၊ ပျောက်ဆုံးမှုမရှိပါဘူး၊ သစ်ပင်တွေကတော့ အပင်ကြီးအချို့ ပြိုလဲကုန်တယ်၊ ပင်ပျိုတွေကတော့ အကိုင်းအခက်လောက်ပဲ ကျိုးပဲ့ပြီးလဲတဲ့အပင် အနည်းငယ်ရှိတယ်။

“ကျွန်တော်တို့ မေ ၄ ရက်ကစပြီး ဒီမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ ပြိုလဲသစ်ပင်တွေကို ရှင်းလင်းဖယ်ရှားတယ်၊ နောက်မြန်မာ့သစ်လုပ်ငန်းက စက်ယန္တရားအကူအညီနဲ့ ပူးပေါင်းရှင်းလင်းတယ်။

“တိရစ္ဆာန် လှောင်အိမ်တွေကတော့ နဂိုကတည်းက တိရစ္ဆာန်လုံခြုံမှုအတွက် အခိုင်အမာ တည်ဆောက်ထားတာဆိုတော့ သိပ်ပျက်စီးမှုမရှိပါဘူး၊ သစ်ပင်လဲလို့ ပိတာတွေတော့ရှိတယ်၊ အခုတော့ အားလုံးပြင်ဆင်ပြီးသွားပါပြီ” ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြေးမုံသတင်းအဖွဲ့သည် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အတွင်း ကြည့်ရှုလေ့လာခဲ့ရာ မိသားစု အလိုက်၊ သူငယ်ချင်းအစု အဖွဲ့ အလိုက် လာရောက်ကြည့်ရှု၊ လေ့လာ အပန်းဖြေနေကြသူများကို တွေ့ခဲ့ရသည်။ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အတွင်း လမ်းများမှာ သန့်ရှင်းသပ်ရပ်လှပနေပြီး သစ်ပင်ပန်းမန်များမှာလည်း စိမ်းစိုလန်းဆန်းနေသည်ကို မြင်တွေ့ရသည်။

ထို့မှ ဆက်လက်ကြည့်ရှုမိရာ တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်ဖြင့် ထိုင်းနိုင်ငံမှ ၂၀၀၁ ခုနှစ်တွင် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ ရောက်ရှိနေသော ကျားမလေး ပင်ကီကို တွေ့ရသည်။ ရောက်ရှိစဉ်က အသက် (၈)လသားသာ ရှိသေးသော်လည်း ယခုအခါ ကျားမလေး ပင်ကီမှ သားလေးကြိမ်ပေါက်ဖွားပြီးကြောင်း သိရသည်။ မုန်တိုင်းအလွန် မေလ ၁၆ ရက်နေ့တွင် ပင်ကီမှ ပေါက်ဖွားသော ချစ်စရာကျားပေါက်ကလေး လေးကောင်ကိုလည်း မိခင်နှင့်အတူ တွေ့ခဲ့ရသည်။ ထို့အတူပင် မျိုးသုဉ်း ပျောက်ကွယ်နိုင်သည့် အခြေအနေတွင်ရှိ၍ ဂရုတစိုက် ထိန်းသိမ်း စောင့်ရှောက်နေရသော မြန်မာ့ရွှေသမင်များကို နယ်မှရောက်ရှိလာကြသော မိသားစုအဖွဲ့တစ်ဖွဲ့က စိတ်ဝင်တစား ကြည့်ရှုနေကြသည်ကို တွေ့ခဲ့ရသည်။

မုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရမှုများကို ပြန်လည်ရှင်းလင်း ပြုပြင်နေရသည့်အတွက် အခိုက်အတန့်အားဖြင့် ပိတ်ထားခဲ့ရသော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ဇူလိုင် ၁ ရက်နေ့မှစတင်၍ နေ့စဉ် ပုံမှန် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ သွားရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

စည်စည်ကားကား

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တွင် လာရောက် လေ့လာ ကြည့်ရှုသူ ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

ကျားသားပေါက်ကလေးများ

ကျားမလေး ပင်ကီနှင့် သားပေါက်လေးကောင်ကို တွေ့ရစဉ်။

နေရစ်ခဲ့တော့ ၉၀ ပြည့်နှစ် ရလဒ်ဟောင်း

ပေါက်စ

မြန်မာပြည်သူ ခုနစ်ရက်သားသမီးအားလုံး သိတော်မူကြတဲ့အတိုင်းပါပဲ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို နိုင်ငံတော်တစ်ဝန်းလုံးမှာ နေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၂၇ သန်းကျော်ထဲက ၉၂ဒသမ၄၈ရာခိုင်နှုန်းသော ပြည်သူတို့က တစ်ခဲနက်တက်တက်ကြွကြွ ထောက်ခံလိုက်ကြပါတယ်ခင်ဗျာ။

ကဲ. . . ဘယ်နှယ့်ရှိစ ကိုရွှေ NLD လူကြီးမင်းများလို့ပဲ ပေါက်စမေးလိုက်ချင်ပါရဲ့ဗျာ။ တစ်ခါလာ မဲပြာပုဆိုး ဆိုသလို သူခိုးရွှေရတပြပြလုပ်ပြီး ၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာကြီးနဲ့ အာဏာကိုဖြတ်လမ်းက သပိတ်ဝင်အိတ်ဝင် အချောင်နှိုက်နိုင်ဖို့ ပြည်သူလူထုရဲ့ Mandate ရတယ်လို့ နားလှည့်ပါးရိုက်ခဲ့တဲ့ အကြံအဖန် လိမ်ဆင်ကြီးကတော့ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ မြောင်းထဲကို တရားဝင်ရောက်သွားခဲ့ပါပြီခင်ဗျာ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြရအောင် နိုင်ငံတော်အစိုးရက အမျိုးသားရေး ရပ်တည်ချက်နဲ့အတူ လက်တွဲပေါင်းစည်းတစ်ခရီးတည်းသွားကြပါစို့လို့ ရွှေလက်နဲ့ခေါ်ခဲ့ပေမယ့် ကိုရွှေလူကြီးမင်းများက မောင်ခေါ်ရာ မယ်မလိုက်နိုင်ပါဘူးဆိုပြီး ခနဲ့သလိုလို၊ ရွဲ့သလိုလိုနဲ့ ပြောခဲ့ ဆိုခဲ့ ပြန်ကြားခဲ့တဲ့အပြင် အာဏာလွှဲပြောင်းရေးသည် ပထမ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးသည် ဒုတိယဖြစ်တယ်။ ပြည်သူ့လွှတ်တော်ကို NLD ပါတီက ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ယာယီကျင့်သုံးခေါ်ဆိုမယ်လို့ ဂန္ဒီကြေညာချက်နဲ့တုံ့ပြန်ခဲ့သဗျာ။

ဘယ်လိုလဲခင်ဗျာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဒုတိယလို့ တစ်ဖက်ကပြောပြီး တစ်ဖက်ကလည်း NLD ပါတီက ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ယာယီကျင့်သုံးပြီး လွှတ်တော်ခေါ်မယ်ဆိုတော့ မြွေဟောက်လို လျှာနှစ်ခွ လာသမျှ မြန်မာပြည်သူတွေအပေါ် ဝေလေလေ ဒီမိုကရေစီနဲ့ လိမ်နေတယ်ဆိုတာ ထင်ရှားနေသပေါ့ဗျာ။ နိုင်ငံတော်အစိုးရအပါအဝင် နိုင်ငံရေးပါတီပေါင်းစုံနဲ့ ညှိနှိုင်းပူးပေါင်းရေးဆွဲကြရမယ့် ဒီမိုကရေစီအကျဆုံးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး လက္ခဏာဆောင်ထားတဲ့ဖွဲ့စည်းပုံအခြေခံနဲ့ ဥပဒေရေးဆွဲမှာကိုတော့ ဒုတိယလို့ပြောပြီး ပြည်သူ့လွှတ်တော်ခေါ်ဖို့ကိုတော့ NLD ပါတီက ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ယာယီကျင့်သုံးခေါ်ဆိုမယ်တဲ့ခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျာ။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့ လွှတ်တော် ခေါ်လို့မရဘူးဆိုတာ သိသိကြီးနဲ့ ကိုရွှေလူကြီးမင်းများက လူရိုသေ၊ ရှင်ရိုသေဖြစ်အောင် NLD ကရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ယာယီကျင့်သုံးပြီး လွှတ်တော်ခေါ်ယူမယ်ဆိုတဲ့ ဖဲသုံးချပ်လိမ်နည်းနဲ့ ပြောင်လိမ်ပြောင်စား၊ ကလိမ်ကကျစ်လုပ်ဖို့ ကြိုးစားခဲ့တာပဲဖြစ်သဗျာ။

ကြားဖူးကြရဲ့လားခင်ဗျာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းချက်မရှိဘဲ ယာယီကျင့်သုံးလို့ ရသလားခင်ဗျာ။ တည်ဆဲအစိုးရအဖွဲ့အစည်း၊ ဒါမှမဟုတ် အာဏာပိုင်အဖွဲ့အစည်း၊ ဒါမှမဟုတ် ပြည်သူလူထုက အတည်ပြုပြဋ္ဌာန်းပေးမှသာ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်ဝင်ရှင်သန်ပြီး တရားဝင်တယ်ဆိုတာ ဘယ်ဥပဒေပညာရှင်ကိုပဲ မေးမေး၊ ခေါင်းညိတ်ဝန်ခံကြမှာပဲခင်ဗျာ။ အခုတော့ဗျာ၊ ကိုရွှေလူကြီးမင်းများရဲ့ ဒီမိုကရေစီ ရွှေဉာဏ်တော်စူးရောက်ပုံ အာဏာရမွှက်နဲ့ အရှက်သိက္ခာမရှိ၊ ကိုယ့်လိပ်ပြာ ကိုယ်ပြန်မကြည့်ရဲ နိုင်အောင် လုပ်ရဲကိုင်ရဲပြောရဲတာကတော့ ပေါက်စ အံ့ကိုသြရောလို့၊ အညာသားပီပီ အညာစကားနဲ့ ဟားတိုက်ရယ်မော ပြောလိုက်ချင်ပါရဲ့ခင်ဗျာ။ ထားလိုက်ဦးခင်ဗျာ၊ အဲသလိုမျိုး လိမ်နည်းကို ပြည်သူတွေက လက်မခံပြန်တော့ ဘယ်လိုတွေ အကြံအဖန်လုပ်ပြန်သလဲဆိုရင် မန္တလေးတစ်နေရာမှာ စင်ပြိုင်အစိုးရဖွဲ့ဖို့ လျှို့ဝှက်အစည်းအဝေးလုပ်ပြီး အကြံကြီးကြံခဲ့ကြတယ်ဗျာ။ အဲ. . . ဒါပေမယ့်လို့ပေါ့ဗျာ၊ ကိုယ့်လိပ်ပြာကိုယ်မယုံသူတွေပီပီ နောက်ဆုံးတော့ စိန်ဝင်းခေါင်းဆောင်တဲ့ ကိုးယောက်ဟာ တစ်ဖက်နိုင်ငံကိုထွက်ပြေးပြီး ပြည်ပြေးအစိုးရဖွဲ့ခဲ့ရာက အခုအခါမှာတော့ အနောက်အုပ်စု ဆရာကြီး သမားကြီးတို့ရဲ့ ဩဝါဒခံအန္တေဝါသိက တပည့်အဖြစ်နဲ့ ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်နေရတဲ့ ဘဝကို ရောက်နေခဲ့ပြီပေါ့ဗျာ။

သို့ကလို အခြေအနေမျိုးရောက်နေရတဲ့သကာလ **NLD ပါတီဟာ ၁၉၉၃ ခုနှစ်မှာ စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကို ကောင်းပြီ ကောင်းလျက်နဲ့ တက်ရောက်ခဲ့ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့အတွက် အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူအချို့ကိုတောင် သဘောတူညီလက်ခံချမှတ်နိုင်ခဲ့ကြတယ်လေဗျာ။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်းတစ်မျိုးသားလုံးရဲ့အနာဂတ်ကောင်းကျိုးအတွက် အခုလို စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွကြိုးပမ်းဆောင်ရွက်နေကြတာကိုမြင်ရတော့ နှလုံးစိတ်ဝမ်း အေးချမ်းစွာနဲ့ ကြိုဆိုခဲ့ကြသဗျ။**

သို့သော်လည်းပေါ့ဗျာ၊ ဘယ်လိုတွေ ဗွေဖောက်လာကြသလဲဆိုရင် သူတို့ကိုယ်တိုင် ညှိနှိုင်းဆွေးနွေးအတည်ပြုလက်ခံခဲ့တဲ့ ညီလာခံလုပ်ထုံး လုပ်နည်းတွေနဲ့ ညီလာခံကိုယ်စားလှယ် အချိုးအစားကို အဆိုးမြင် ဝေဖန်တဲ့အပြင် နိုင်ငံတော်အစိုးရနဲ့တွေ့ဆုံဆွေးနွေးခွင့်မရလို့ဆိုတဲ့ ညီလာခံနဲ့မပတ်သက်တဲ့ အကြောင်းပြချက်နဲ့ ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ညီလာခံထဲက ထွက်တော်မူ နန်းကခွာခဲ့ကြသဗျ။

အဲ . . . တစ်ဆက်တည်းမှာပဲ ပါတီအထွေထွေအတွင်းရေးမှူးဟောင်းအမျိုးသမီးကလည်း တွေ့ဆုံဆွေးနွေးမလား၊ အလုံးစုံပျက်သုဉ်းရေးကို ရွေးမလားဆိုပြီး နိုင်ငံတော်အစိုးရကို စိန်ခေါ်ချလင်း လုပ်ခဲ့သဗျ။ အဲဒီနောက်တော့ စနေ၊ တနင်္ဂနွေ လမ်းဘေးတရားပွဲကို လုပ်ကြပြီး နိုင်ငံတော်အစိုးရကို အခြေအမြစ်မဲ့၊ ကျိုးကြောင်းမဲ့ စွပ်စွဲချက်တွေနဲ့ လုပ်ကြံပုတ်ခတ်ခဲ့တာတွေ၊ ၁၉၉၆ ခုနှစ် ခရီးသွားနှစ်ကို နိုင်ငံတကာက ကမ္ဘာလှည့်ခရီးသည်တွေမလာကြဖို့ ပိတ်ပင်ကန့်ကွက်၊ နှောင့်ယှက်ခဲ့တာတွေ၊ နိုင်ငံတကာက မြန်မာနိုင်ငံကို မကူညီ၊ မထောက်ပံ့၊ မချေးငှား၊ မပူးပေါင်း၊ မဆက်ဆံကြဘဲ အထီးကျန်နိုင်ငံဖြစ်အောင် ဝိုင်းပယ်ကြဖို့ အနောက်ဆရာကြီးအချို့နဲ့ လက်ဝါးချင်းရိုက် စည်းလိုက်ဝါးလိုက် ပိတ်လေးပိတ် အစီအစဉ်ချပြီး လုပ်ခဲ့ကြတာတွေ၊ ပြည်သူတွေ မငြိမ်မသက်နဲ့ တိုင်းပြည်ပျက်တဲ့အထိ ဖြစ်လာအောင် လှုံ့ဆော်စည်းရုံးခဲ့တာတွေ စသည် စသည်ပေါ့လေ။ စာအုပ်ပေါင်းများစွာနဲ့ မှတ်တမ်းတင်တောင်မကုန်ဆုံးနိုင်တဲ့ နိုင်ငံတော်အစိုးရနဲ့ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးတွေလုပ်ခဲ့တာကလွဲပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ဘာသံမျှထွက်မလာခဲ့ပါဘူးခင်ဗျာ။

အဲ. . . သူတို့ရဲ့ အသံမစဲတဲ့ ဒီမိုကရေစီရွှတ်ဖတ်ပွဲကတော့ ၉၀ ပြည့်နှစ်ရလဒ် အကောင်အထည်ဖော်ရေးပါပဲခင်ဗျာ။ အနှစ်သာရကတော့ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ NLD ကို အာဏာလွှဲပေးရေးပါပဲခင်ဗျာ။ အဲဒီအနှစ်သာရကို ကြောင်းတူသံကွဲအနေနဲ့ တွေ့ဆုံဆွေးနွေးရေးတို့၊ လွှတ်တော်ခေါ်ပြီး တပ်မတော်အစိုးရကို လွှတ်တော်မှာ တရားဝင်အစိုးရဖြစ်အောင် ထောက်ခံအတည်ပြုပေးမှာတို့၊ အဲဒီနောက် အချိန်ကာလသတ်မှတ်ပြီး ဒီမိုကရေစီနည်းကျ အစိုးရဖွဲ့စည်းရေးတို့ စတဲ့ တောင်းဆိုချက်အမျိုးမျိုးနဲ့ လူကြားကောင်းအောင် ပြောခဲ့၊ ဆိုခဲ့၊ ရွှေပေလွှာအမျိုးမျိုးထုတ်ခဲ့ကြသဗျာ။

အခုလို နောက်ကြောင်းပြန် ပြောနေဆိုနေရတဲ့ အကြောင်းရင်းကတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈)ကို ပြည်သူလူထုက တစ်ခဲနက်ကန့်ကွက်ပြီး ဒီမိုကရေစီဖော်ထုတ်ကြပါလို့ NLD ကကော၊ ပြည်တွင်းပြည်ပက NLD ရဲ့ရောင်းရင်း အပေါင်းအသင်း အနွယ်တော်များကကော၊ ပြည်ပက ဆရာကြီးအချို့ကကော ကြေညာချက် ရွှေပေလွှာတွေ ဖြန့်ဝေခဲ့ကြတဲ့အပြင် BBC တို့၊ VOA တို့က ဒီမိုကရေစီ သံစုံတီးဝိုင်းကြီးတွေနဲ့ နောက်ခံတီးလုံးကလည်း နေ့စဉ်၊ ညစဉ်မစဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပျက်စီးရေးအတွက် ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေးခဲ့တာကိုလည်း ပေါက်စတို့ နားဆင်းရဲခြင်းဒုက္ခကို ခံစားခဲ့ရခြင်းတွေလည်း ရှိခဲ့သဗျ။

ပြောလိုက်သေးသဗျ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရွေးချယ်ခံထားရတဲ့ နိုင်ငံရေးပါတီတွေ မပါဝင်ဘဲ ရေးဆွဲခွင့်မရှိသူတွေက ရေးဆွဲခဲ့လို့၊ ခြိမ်းခြောက်ဖိအားပေးအကျပ်ကိုင်ခဲ့လို့၊ မဲလိမ်မဲခိုးခဲ့လို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ အစိုးရအနေနဲ့ ထောက်ခံမဲတွေရသွားတာ၊ NLD ပါတီအနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အသိအမှတ်မပြုတဲ့အပြင် နိုင်ငံတကာကလည်း အသိအမှတ်မပြုအောင် တင်ပြသွားမယ်။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင်းပမယ့် ရွေးကောက်ပွဲကိုလည်း အသိအမှတ်မပြုဘူး၊ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကလွဲလို့ နောက်ထပ်ရွေးကောက်ပွဲကို အသိအမှတ်မပြုဘူးလို့ NLD ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ကိုရွှေလူကြီးမင်းက BBC နဲ့ ဗျူးခန်းမှာ မထူးဆန်းတဲ့ ၉၀ ပြည့်နှစ်ရလဒ်ကို အကောင်အထည်ဖော်ဖို့ပဲ အပ်ကြောင်းထပ်အောင် ပြောသွားပြန်သဗျ။

အဲသလိုမျိုးတွေပေါ့ဗျာ။ ရောဂါဟောင်းက ဘယ်လိုသမားတော်တွေ ဘယ်လိုဆေးဝါးတွေနဲ့ကုကု မပျောက်နိုင်တာဟာ ပေါက်စတို့ရဲ့ မိဘဘိုးဘွားများ ပြောစမှတ်ပြုတာကတော့ ဝဋ်နာကံနာတဲ့ခင်ဗျ။ နောက်ဆုံး အဲဒီရောဂါနဲ့ပဲ ဘဝဇာတ်သိမ်းချုပ်ငြိမ်းရတယ်တဲ့ဗျာ။ အခုလည်း ကိုရွှေလူကြီးမင်းများလည်း **ငါအာဏာရရေးဆိုတဲ့ ဝဋ်နာကံနာစွဲကပ်နေပြီး နိုင်ငံတော်ရဲ့အရှိဘဝနဲ့ ပြည်သူတို့ရဲ့ပကတိဆန္ဒအရ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲကျင်းပပြီး ၉၂ဒသမ၄၈ရာခိုင်နှုန်းသော ပြည်သူတို့က အတည်ပြု ပြဋ္ဌာန်းလိုက်တဲ့အချိန်ထိတောင် ရောဂါအကင်းသေ အမြစ်ပြတ်အောင် ကုလို့မရတဲ့အထိ ဆေးဝါးမမီတော့ပါလားဆိုပြီး ပေါက်စ သနားတယ်ခင်ဗျာ။**

ဒီနေ့ကာလမှာ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ယုံကြည် မျှော်လင့်နေကြတဲ့ ပြည်သူတွေအနေနဲ့ ၉၀ပြည့်နှစ် ရလဒ်ဟောင်းကို စွန့်ပစ်ခဲ့ကြပြီဖြစ်တဲ့အတွက် မြောင်းထဲရောက်သွားတဲ့ ၉၀ပြည့်နှစ် ရလဒ်အဟောင်းအဆွေးကြီးကို မြောင်းဘေးမှာဖက်တွယ် တမ်းတငိုကြွေးနေမယ့်အစား နေရစ်ခဲ့တော့ ၉၀ပြည့်နှစ် ရလဒ်ဟောင်းလို့ ပြည်သူတို့နဲ့အတူ ကြွေးကြော်ရင်းနဲ့ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ ပါဝင်ယှဉ်ပြိုင်ဖို့ပြင်ဆင်ရင်း အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အတူလျှောက်လှမ်း လိုက်ခဲ့ကြပါလို့ပဲ စိတ်ရင်းစေတနာကောင်းနဲ့ အကြံပြုလိုက်ပါတယ်ခင်ဗျား။ ။

ဒီနေ့ကာလမှာ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ယုံကြည် မျှော်လင့်နေကြတဲ့ ပြည်သူတွေအနေနဲ့ ၉၀ပြည့်နှစ် ရလဒ်ဟောင်းကို စွန့်ပစ်ခဲ့ကြပြီဖြစ်တဲ့အတွက် မြောင်းထဲရောက်သွားတဲ့ ၉၀ပြည့်နှစ် ရလဒ်အဟောင်းအဆွေးကြီးကို မြောင်းဘေးမှာဖက်တွယ် တမ်းတငိုကြွေးနေမယ့်အစား နေရစ်ခဲ့တော့ ၉၀ပြည့်နှစ် ရလဒ်ဟောင်းလို့ ပြည်သူတို့နဲ့အတူ ကြွေးကြော်ရင်းနဲ့ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ ပါဝင်ယှဉ်ပြိုင်ဖို့ပြင်ဆင်ရင်း အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အတူလျှောက်လှမ်းလိုက်ခဲ့ကြပါ။

မြန်မာ-ဂျပန် စာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်

နေပြည်တော် ဇူလိုင် ၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yasuaki Nogawa တို့သည် ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး သူရိန်ဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဂျပန်နိုင်ငံသံရုံးမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မြန်မာဘက်မှ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yasuaki Nogawa တို့ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက် အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဗဟန်းမြို့နယ် ရွှေတောင်ကုန်းရိပ်သာ အင်းလျားမြိုင်လမ်း မန္တလေးညောင်ရမ်းပြတိုက်ကျောင်း အစ်မ ဒေါ်ခင်ဥ မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တပညာသာမိ(မာဂဓီ-သာစည်) ဆရာတော် စီမံအုပ်ချုပ်သော ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကြေးတိုင်စု(၂)လမ်းရှိ မာဂဓီ-သာစည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဇွန် ၁၆ ရက်က ကျောင်းသား၊ ကျောင်းသူလေးများ သင်ကြားမှု သင်ယူမှု အထောက်အကူဖြစ်စေရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ၁၃ ရပ်ကွက် ကျန်စစ်သားလမ်းနေ အလှူရှင် ဒေါ်ခင်သန်းရင် (လက်ထောက်ပညာရေးမှူး-ငြိမ်း)၊ မန္တလေးတိုင်းမှ သင်ကြားစီမံဆရာတော် ဘဒ္ဒန္တနေမိန္ဒ(B.A, Business Management) ထံသို့ ဗလာစာအုပ်နှင့် ခဲတံများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိုလံပစ်နေ့ အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် (Olympic Day Run 2008) နှင့် အိုလံပစ်အားကစားပြိုင်ပွဲတို့၌ ဟော်ကီအားကစားနည်း ထည့်သွင်းကျင်းပခဲ့သည့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုများကို ဇွန် ၂၁ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသည်။ ဇွန် ၂၁ ရက် နံနက် ၉နာရီတွင် ၂၀၀၈ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် အသက် ၁၆ နှစ်အောက် လက်ရွေးစင် လူငယ်အသင်း နှစ်သင်းတို့ ယှဉ်ပြိုင် ကစားကြသည်။

ထို့နောက် အိုလံပစ်ဟော်ကီပြိုင်ပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်က ချမှတ်ထားသည့်အတိုင်း World Hockey Youth Challenge 2008 အစီအစဉ်ကို "Live The Dream" အမည်ဖြင့် ဟော်ကီအခြေခံနည်းစနစ်များကျွမ်းကျင်မှုကို Dream Hoops, Dream Pentathlon နှင့် Dream Skills ပြိုင်ပွဲများဖြင့် ဇွန် ၂၁ ရက် မွန်းလွဲပိုင်းနှင့် ဇွန် ၂၂ ရက် နံနက်ပိုင်းတို့တွင်ကျင်းပခဲ့ရာ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်မှ ၁၆ နှစ်ရှိ ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဇွန် ၂၂ ရက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်**(အောက်ပုံ)**နှင့် ဦးကျော်ကျော်လှိုင်တို့က ဆုများ ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၅

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများသည် ဇူလိုင် ၃ ရက် ညပိုင်းတွင် စုစုပေါင်း ၈ ဒသမ ၄၈ တန်နှင့် ဇူလိုင် ၄ ရက်တွင် စုစုပေါင်း ၄၄ ဒသမ ၄၉ တန်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များသည် လမ်းများကောင်းမွန်သည်နှင့်အမျှ အရှိန်ပြင်းစွာ မောင်းနှင်ကြသောကြောင့် ယာဉ်မတော်တဆမှုများ၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်း ကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီ မိုင်(၂၀) (၃၂)ကီလို

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီ မိုင်(၃၀) (၄၅)ကီလို

(၃) မြို့ပြင် ယာဉ်အားလုံး တစ်နာရီ မိုင်(၆၀) (၉၆)ကီလို

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ဘိုကလေးမြို့နယ် ပျဉ်းမကုန်းကျေးရွာ မူလတန်းကျောင်းကို ပြန်လည်ပြုပြင် မွမ်းမံပေးနေစဉ်။

(သတင်းစဉ်)

အာရှခရစ်ကက်ကောင်စီ အစည်းအဝေးနှင့် နှစ်ပတ်လည် အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၅

၂၀၀၈ ခုနှစ် ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ကရာချီမြို့၌ ကျင်းပမည့် ၂၀၀၈ ခုနှစ် အာရှခရစ်ကက်ကောင်စီ အစည်းအဝေးနှင့် ၂၀၀၈ ခုနှစ် အာရှခရစ်ကက်ကောင်စီ နှစ်ပတ်လည်အစည်းအဝေး (ACC, Annuel General Meeting and ACC 25th Anniversary Meeting)တို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်သည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒလသင်္ဘောကျင်း၌ ဆယ်တင်ရေယာဉ်များအား လွှန်းတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

Super Lamp မီးချောင်း၊ မီးသီးတို့၏ အားသာချက်များ၊ Cyclone ပန်ကာထုတ်လုပ်မှု အခြေအနေများ၊ မီးချောင်းဆက်စပ်ပစ္စည်းများ၏ နည်းပညာအားသာချက်များ၊ အနာဂတ်တွင် ပိုမိုနည်းပညာမြင့်မားသော လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်သွားမည့် အစီအစဉ်နှင့် ထပ်မံတည်ဆောက်မည့် စက်ရုံအခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဉက္ကဋ္ဌ ဦးခင်မောင်စိုးက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် အခြေအနေနှင့် စက်ရုံအဆောက်အအုံသစ်အတွက် လိုအပ်မည့်လျှပ်စစ်ဓာတ်အားကို စီစဉ်ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကိုလည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက စက်ရုံအဆောက်အအုံဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

တစ်ဆက်တည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားဖြင့် နောင်တွင် စက်မှုဇုန်များရှိ စက်ရုံများ၏လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာစေရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တစ်ဆက်တည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် စက်မှုဇုန်များကို တည်ဆောက်ပေးနေသကဲ့သို့ တိုင်းရင်းသား စက်မှုလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးကိုပါ အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က နည်းပညာဆိုင်ရာတက္ကသိုလ်များ ဖွင့်လှစ်၍လည်း စက်မှုလုပ်ငန်းများတွင် လိုအပ်သော အတတ်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိကြောင်း။

စက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာပြောင်းလဲတိုးတက်နေသော နည်းပညာရပ်များနှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် အမြဲလေ့လာ၊ တီထွင်ကြိုးစားကြရမည်ဖြစ်ကြောင်း။

မိမိတို့ထုတ်လုပ်သော စက်မှုပစ္စည်းများကို ပြည်တွင်းအသုံးသက်သက်သာမက ပြည်ပပို့ကုန်အဖြစ်ပါ မျှော်မှန်း၍ အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာသော ကုန်ပစ္စည်းများဖြစ်စေရေး စီမံထုတ်လုပ်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ထုတ်လုပ်သော Super Lamp မီးချောင်းများ၊ Super Lamp မီးသီးများ၊ Cyclone ပန်ကာများနှင့် မီးချောင်းဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် စက်ရုံထုတ် Super Lamp မီးချောင်းနှင့် အခြားပြည်ပလုပ် မီးချောင်းများ၏ အရည်အသွေးနှိုင်းယှဉ်ပြသမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၌ Super Lamp မီးချောင်းထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်၊ ထုတ်လုပ်ပြီး မီးချောင်းများ၊ စက်ရုံ၏ အရည်အသွေးထိန်းသိမ်းရေးဌာန၌ စက်ရုံထုတ် လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေး၊ Super Lamp မီးချောင်းနှင့် အခြားပြည်ပထုတ် မီးချောင်းများ၏ လင်းအားနှိုင်းယှဉ် စမ်းသပ်ပြသမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ရွှေပြည်သာ စက်မှုဇုန်ရှိ Mya[...] turing Co., Ltd. ၏ မီးသီး၊ မီးခေ[...] Super Lamp မီးသီးများ၊ မီးချောင်း[...] လျှပ်စစ်ပစ္စည်းများကို တွေ့ရစဉ်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မီးသီးထုတ်လုပ်ဌာန၌ Super Lamp မီးသီးများ ထုတ်လုပ်နေမှု၊ မီးချောင်းလျှပ်ကာပစ္စည်းများ တပ်ဆင်ထုတ်လုပ်နေမှု၊ (၁၀၀)ဝပ် မီးသီးများ ထုတ်လုပ်နေမှုနှင့် Cyclone ပန်ကာနှင့် မီးချောင်းထိပ်အုပ်ခေါင်းများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးစိန်ဝမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ Myanmar Lighting Manufacturing Co., Ltd. သည် ၂၀၀၀ ပြည့်နှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်စဉ် မီးချောင်းထုတ်လုပ်မှုမှာ တစ်နာရီလျှင် အချောင်း ၄၁၀ သာ ထွက်ရှိခဲ့ပြီး ဈေးကွက်လိုအပ်ချက်၏ (၇)ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ မီးချောင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် စက်များကို မှာယူတင်သွင်းခြင်း၊ ကုမ္ပဏီဝန်ထမ်းများအား ကိုရီးယားသမ္မတနိုင်ငံသို့ စေလွှတ်၍ မီးချောင်းထုတ်လုပ်မှုနည်းပညာများ သင်တန်းတက်ရောက်စေခြင်း စသည်တို့ ဆောင်ရွက်နိုင်ခဲ့၍ နည်းပညာများ ပိုမိုမြင့်မားအောင်ဆောင်ရွက်ပြီး ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် Cyclone ပန်ကာကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် ဧပြီလတွင် မီးချောင်းဆက်စပ်ပစ္စည်းဖြစ်သည့် လျှပ်ကူးပစ္စည်းများနှင့် Lead Wire များကို ထုတ်လုပ်နိုင်ခဲ့သည်။

ယခုအခါ Super Lamp မီးချောင်းများကို တစ်နာရီလျှင် အချောင်း ၂၄၀၀ ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် အချောင်း ၁၁ သန်းကျော် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန် ကလေးဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ရန်ကုန်ကလေးဆေးရုံကြီး၏ နောက်ခံသမိုင်း၊ တိုးချဲ့ဆောင်ဆောက်လုပ်ရေး စီမံကိန်းဆောင်ရွက်နေမှု အခြေအနေ၊ တိုးချဲ့ဆောင် ဆောက်လုပ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် တိုးချဲ့ဆောင်အတွက် အလှူရှင်များထံမှရရှိသော အလှူငွေအခြေအနေနှင့် ခန့်မှန်းကုန်ကျမည့် ကုန်ကျစရိတ် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မေးမြန်းပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် ကုသမှုတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ကျန်းမာရေး အသိပညာပေးမှုများ

ရွှေပြည်သာ စက်မှုဇုန်ရှိ Myanmar Lighting Manufacturing Co., Ltd. ၏ မီးသီး၊ မီးချောင်းစက်ရုံမှ ဝန်ထမ်းများက Super Lamp မီးသီးများ၊ မီးချောင်းများ၊ မီးချောင်းလျှပ်ကာပစ္စည်းများ၊ Cyclone ပန်ကာများနှင့် မီးချောင်းထိပ်အုပ်ခေါင်းများ ထုတ်လုပ်နေစဉ်။ (သတင်းစဉ်)

ရွှေပြည်သာ စက်မှုဇုန်မြို့ရှိ Myanmar Lighting Manufacturing Co., Ltd. ၏ မီးသီး၊ မီးချောင်းစက်ရုံမှ ဝန်ထမ်းများ Super Lamp မီးသီးများ၊ မီးချောင်းများ၊ မီးချောင်းလျှပ်ကာပစ္စည်းများ၊ Cyclone ပန်ကာနှင့် မီးချောင်းထိပ်အုပ်ခေါင်းများ ထုတ်လုပ်နေစဉ်။ (သတင်းစဉ်)



ရန်ကုန် ဆိပ်ကမ်းတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်ထားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း နစ်မြုပ်သွားသော ရေယာဉ်များအား ဆယ်တင်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖြစ်သော ရောဂါကာကွယ်နည်း၊ ကျန်[...]
ကျန်းမာရေးပညာပေး ဟောပြောမှုများနှ[...]
အထိ ကွင်းဆင်းဆောင်ရွက်ကြရန်လိုအပ်[...]
များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်[...]
ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးခ[...]
ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်[...]
သွားရောက်၍ တိုးချဲ့ဆောင်ဆောက်လုပ်[...]
ကြည့်ရှုစစ်ဆေးရာ တာဝန်ယူ တည်ဆော[...]
လုပ်ရေးကုမ္ပဏီမှ ဒေါက်တာဇော်ထွန်းက[...]
ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်[...]
နာရီ ၃၅မိနစ်တွင် ပန်းဆိုးတန်းလမ်းရှိ [...]
ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိကြရ[...]
ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူ[...]
ကုန်တင်ကုန်ချ သွက်လက်မှန်ကန် မြန်ဆ[...]
နိုင်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိပု[...]
ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး[...]
အဝေးခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝ[...]
ဒဏ်ကြောင့် ရေကြောင်းပို့ဆောင်ရေးလုပ်[...]
ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နို[...]
အတွင်း နစ်မြုပ် ကမ်းတင်ရေယာဉ်များ [...]
ကမ်းချနိုင်မှု၊ ဆိပ်ခံဗောတံတားများပြန်လ[...]
ပြန်လည် လုပ်ငန်းလည်ပတ်မှု၊ ရေယာ[...]
ဌာနပိုင်ရေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စ[...]
များ စီစဉ်ဆောင်ရွက်ပေးမှု၊ ရေကြောင်း[...]
စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ဆော[...]
ဆိုင်ရာ လိုအပ်မှုများကို ရှင်းလင်းတင်ပြ[...]

ဖြစ်သော ရောဂါကာကွယ်နည်း၊ ကျန်းမာအောင်နေထိုင်နည်း စသည့် ကျန်းမာရေးပညာပေး ဟောပြောမှုများနှင့် သင်ကြားမှုများကို ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ တိုးချဲ့ဆောင်ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ယူ တည်ဆောက်နေသော ယူနီဗာဆယ် ဆောက်လုပ်ရေးကုမ္ပဏီမှ ဒေါက်တာဇော်ထွန်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၃၅မိနစ်တွင် ပန်းဆိုးတန်းလမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ ဆိပ်ကမ်းကုန်တင်ကုန်ချ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မုန်တိုင်းဒဏ်ကြောင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ရန်ကုန်မြစ် ရေလမ်းကြောင်းအတွင်း နစ်မြုပ် ကမ်းတင်ရေယာဉ်များ အခြေအနေနှင့် ပြန်လည်ဆယ်တင်ကမ်းချနိုင်မှု၊ ဆိပ်ခံဗောတံတားများပြန်လည်ပြင်ဆင်မှု၊ ဆိပ်ကမ်းများ ပုံမှန်ပြန်လည် လုပ်ငန်းလည်ပတ်မှု၊ ရေယာဉ်ခရီးလမ်းများ ပုံမှန်ပြေးဆွဲနိုင်မှု၊ ဌာနပိုင်ရေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ တင်ပို့မှု၊ ဆေးရုံသင်္ဘောများ စီစဉ်ဆောင်ရွက်ပေးမှု၊ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းတာဝန်များ စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ဆောင်ရွက်မည့် စီမံမှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်မှုများကို ရှင်းလင်းတင်ပြသည်။

ရွှေပြည်သာ စက်မှုဇုန်ရှိ Myanmar Lighting Manufacturing Co., Ltd. ၏ မီးသီး၊ မီးချောင်းစက်ရုံမှ ထုတ်လုပ်သော Super Lamp မီးသီးများ၊ မီးချောင်းများ၊ Cyclone ပန်ကာများနှင့် လျှပ်စစ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့မှ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ကကြီးမှူး၍ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၁ ရက်) ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အောင်ချမ်းသာလမ်း (၇) အနောက်ရပ်ကွက် သာကေတမြို့နယ် မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းလိုသူများ ကျောင်းတိုက်ဖုန်း- ၀၉-၅၁၁၄၆၀၉၊ ၀၁-၂၉၄၂၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကျိုးဆောင်အဖွဲ့မှ နှိုးဆော်ထားကြောင်း သိရှိရသည်။

(က-ပ)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နစ်မြုပ်ရေယာဉ်များ ဆယ်ယူရာတွင် ဌာနမှပညာရှင်များဖြင့် ဆောင်ရွက်သည့်အပြင် အတွေ့အကြုံရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသရှိ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ပြည်တွင်းအားဖြင့် အချိန်တိုအတွင်း ဆယ်ယူနိုင်ရေးကို နည်းလမ်းရှာ ကြိုးပမ်းဆောင်ရွက်သွားရန်၊ ကမ်းတင်သင်္ဘောများကို ပြန်လည်အသုံးပြုရာတွင် မူလအနေအထားအတိုင်း ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီးမှသာ အသုံးပြုရန်တို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်ကမ်းရှိ ဗလရာဇာ ရေယာဉ်ပေါ်သို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သော ရေယာဉ်များ၊ တွဲများ၏ တည်နေရာတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း လှည့်လည်၍ ဆိပ်ခံတံတားများ ပြန်လည်ဆယ်တင် ပြင်ဆင်မှုအခြေအနေ၊ နစ်မြုပ်ရေယာဉ်များ ဆယ်တင်နေမှုအခြေအနေ၊ ကမ်းတင်ရေယာဉ်များ ကမ်းချနေမှုအခြေအနေ၊ ဒေါပုံသင်္ဘောကျင်း၊ ဒလသင်္ဘောကျင်းနှင့် အလုံသင်္ဘောကျင်းတို့၌ ဆယ်တင်ရေယာဉ်များကို လွန်းတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန်မြစ်အတွင်း ခရီးသည်တင် ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ ပုံမှန်သွားလာနေမှု အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နန်းသီတာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

မိသားစုဘဝသာယာရေး

မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး

It's a right, let's make it real

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ကြာပွင့်ပမာ"**
၁း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄း၃၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၉။ သံစဉ်များနှင့် ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆း၃၅ ၁၃။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့ သူရဲကောင်း" (အပိုင်း-၈၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အဖြူရောင် မြွေမင်းသမီးလေး" (အပိုင်း-၂၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ ပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဥယျာဉ်ကျောင်းတိုက် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် ဥယျာဉ်ကျောင်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ (၂၂၇)၏ (၆၅)ကြိမ်မြောက် တရားစခန်းကို ဇူလိုင် ၅ ရက်မှ စတင်ကာ ဇူလိုင် ၁၁ ရက်အထိ ကျင်းပလျက်ရှိသည်။ (၆၆)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၆ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဇူလိုင် ၁၉ရက် ညနေ ၅ နာရီ အရောက် ကြွရောက်ကြပါရန်နှင့် တရားစခန်းဝင်ကြေး ထည့်ဝင်ရန် မလိုကြောင်း သိရသည်။ လှူဒါန်းလိုသူများသည် ဖုန်း- ၆၂၉၅၁၄ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၅ ၇။ နိုင်ငံ့စီးပွားရေးအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ "အယ်လ်ခွန်းရီ၏ တေးသီးချင်းများ"
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "လမင်းဖြူ" (နိုင်းနိုင်း၊ ပန်းဖြူ၊ မေသန်းနု) (ဒါရိုက်တာ-ကိုလွင်၊ စနိုးဝိုက်)**
၁း၃၅ ၆။ အကပြိုင်ပွဲ
၁း၄၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၂း၀၀ ၈။ တေးဂီတအစီအစဉ်
၂း၁၅ ၉။ **"အလျော်အစား" (အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ - ကျော်ဇောလင်း)**
၂း၃၀ ၁၀။ International News.
၂း၄၅ ၁၁။ အဆိုပြိုင်ပွဲ
၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ အတီးပြိုင်ပွဲ
၄း၃၀ ၃။ တေးဂီတအစီအစဉ်
၄း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၅။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ တေးဂီတအစီအစဉ်
၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၁၁)**
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၂)**
၁၄။ အစီအစဉ်ပြီး၏။

ရန်ကုန် ဆိပ်ကမ်းတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်ထားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း နစ်မြုပ်သွားသော ရေယာဉ်များအား ဆယ်တင်ထားသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မုံရွာမြို့နယ်ရှိ သာစည်ရေလှောင်တမံ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဇူလိုင် ၃ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ မုံရွာမြို့နယ်ရှိ သာစည်ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများနှင့် ရေလှောင်တမံနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကိုမှာကြားညှိနှိုင်းဖြည့်ဆည်းပေးကာ ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှုခင်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲ မန္တလေးအသင်း(ရန်ကုန်)၌ ပြသမည်

ရန်ကုန် ဇူလိုင် ၅

မန္တလေးအသင်း(ရန်ကုန်)၏နှစ်စဉ်ကျင်းပသည့်ရှုခင်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၆၂၈/၆၃၂)ရှိမန္တလေးအသင်း(ရန်ကုန်)၏ရတနာပုံအနုပညာခန်းမ၌ ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင်ဓာတ်ပုံပညာရှင်ဦးချစ်ဝိန်၊ ညောင်ဦးသန်းဌေး၊ Dr.မောင်မောင်ကြီး၊ A-Kမိုး(သတ္တဗေဒ)တို့ပါဝင်သည့် ဓာတ်ပုံပညာရှင် ၆၇ ဦးတို့၏ ဓာတ်ပုံ ၁၇၃ ပုံတို့ကို ခင်းကျင်းပြသမည်ဖြစ်သည်။**(အပေါ်ပုံ)** မန္တလေးအသင်း(ရန်ကုန်)၏ ၂၀၀၉ခုနှစ်အတွက် အဆင့်မြင့် မြန်မာ့ရှုခင်းအလှပြက္ခဒိန်အတွက် လက်ရွေးစင် ဓာတ်ပုံ ၁၃ ပုံကိုရွေးချယ်၍ ဆုချီးမြှင့်ပြီးပြက္ခဒိန်ထုတ်ဝေမည်ဖြစ်သည်။ ဓာတ်ပုံပြပွဲသို့ စိတ်ပါဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှု ဝယ်ယူနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး မုံရွာမြို့နယ်ရှိ သာစည်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းလျက်ရှိ

ရန်ကုန် ဇူလိုင် ၅

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇူလိုင် ၂ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးအေးမြင့်နှင့် ဒေါ်ဘေဘီကြည်တို့အားရည်စူး၍ ညီမ ဒေါ်ညိုညိုဟန်နှင့် ထိုင်းနိုင်ငံမှ ပို့ဆောင်ပေးသည့် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရေးစခန်း (မြဝတီ)မှတစ်ဆင့် လှူဒါန်းငွေကျပ် သုံးသောင်းစီ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ် ၁၈၅၂၀၀၊မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေ ၂၉၀၈၄၂၅၇ ကျပ်၊ ဒေါ်ခင်လပြည့်ဝန်း(Bangkok Airway)(ကြည့်မြင်တိုင်မြို့နယ်)က ငွေကျပ် လေးသိန်း၊ ဦးချိုချိုထွန်း(တာမွေမြို့နယ်)က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အိမ်ရာငါးလုံးအတွက် လှူဒါန်းငွေကျပ် သိန်း ၃၀ နှင့် ဦးသန်းတင်နှင့် ဒေါ်အေးမေ(သစ္စာအောင်မြင်ရွှေဆိုင်မိသားစု)က အိမ်ရာဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၂၀ တို့ဖြစ်သည်။

ယနေ့တွင် လှူဒါန်းကြသော အလှူရှင်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် သုံးသိန်း၊ ဦးဟန်မင်းဦး (ဓာတ်ပုံအနုပညာသင်တန်းကျောင်း၊ ရွှေတောင်တန်းလမ်း)က ငွေကျပ် တစ်သောင်း၊ ဦးအုံ့မောင်(အကြံပေးပုဂ္ဂိုလ်)နှင့် ဒေါ်တင်တင်ဝေ (ဒုတိယဥက္ကဋ္ဌ မင်္ဂလာမေအသင်း)တို့က အိမ်တစ်လုံးအတွက် အလှူငွေကျပ် ခြောက်သိန်း၊ ဦးကျော်ထူးနှင့် ဒေါ်လေးလေးနွယ်၊ သမီးဆုလင်းလက်ထူး၊ သားမောင်စွမ်းရည်ရဲထူး မိသားစုက အိမ်တစ်လုံးအတွက် အလှူငွေကျပ် ခြောက်သိန်းတို့ဖြစ်သည်။

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၅၁၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင်ကြားရေးနှင့်ကုသရေး၌အသုံးပြုရန် ကျပ်သိန်း ၅၀ တန်ဖိုးရှိ မျက်စိဆေးရုံသုံးပစ္စည်းလှူဒါန်း

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးသို့ အလှူရှင် ဒေါက်တာစိန်တင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဗဟိုစာရင်းအင်းအဖွဲ့- ဒေါ်ညွန့်ညွန့်ရွှေ မိသားစုက ဆေးရုံ၏ သင်ကြားရေးနှင့်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ Topcon(Japan) SL 3C Slit Lamp Microscope တစ်စုံကို မေ ၂၂ ရက်က လှူဒါန်းရာ ပါမောက္ခ ဒေါက်တာဦးတင်ဝင်း လက်ခံယူပြီး**(ယာပုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(ကျန်းမာရေး)

မဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်) ယောဂီများပြန်လည်လက်ခံလျက်ရှိ

ရန်ကုန် ဇူလိုင် ၅

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်ရှိ မဟာစည်ရိပ်သာ(ပင်မ)၏ ယောဂီအဆောင်များ၊ ဇရပ်များ ယခုအခါ ပြုပြင်မွမ်းမံမှုလုပ်ငန်းများပြီးစီးပြီဖြစ်၍ တရားဝင်မည့် ရဟန်းရှင်လူ ယောဂီများကို ပြန်လည်လက်ခံလျက်ရှိသည်။ ဝါဆိုသံဃာတော်၊ ယောဂီများအတွက် စာရင်းပြည့်သွားပြီဖြစ်သော်လည်း အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီများ ဆက်လက် လက်ခံလျက်ရှိပါကြောင်းနှင့် ဟိတေသီအဖွဲ့၏ စနေည တရားပွဲများလည်း ပုံမှန်ပြန်လည်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(က-ပ)

မြစ်ရေကြီးခြင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၅

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက် များအရ ဟုမ္မလင်းမြို့တွင် ၂၈၁၉စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

အလားတူ ခန္တီးမြို့တွင် ၁၃၇၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၈ စင်တီမီတာကျော်လွန်နေကာ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

မုတ်သုံလေဆက်လက်အားကောင်းမည်

ရန်ကုန် ဇူလိုင် ၅

ယနေ့နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ၂၇လက်မ၊ ခန္တီးမြို့တွင် ၆ဒသမ၈၅ လက်မ၊ မောင်တောမြို့တွင်၃ဒသမ ၈၉လက်မ၊ မချမ်းဘောမြို့တွင် ၃ဒသမ၈၆ လက်မ၊ ထားဝယ်မြို့တွင် ၃ဒသမ၀၃ လက်မ၊ ဂွမြို့တွင် ၂ဒသမ၅၆ လက်မ၊ မြိတ်မြို့တွင် ၂ဒသမ၄၄ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ဒသမ၂၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ဒသမ၂၀လက်မနှင့် စစ်တွေမြို့တွင်၂ဒသမ၁၃လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇူလိုင် ၆ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်		
၃၀ ဒသမ၁ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)		၄-၇-၂၀၀၈
အနိမ့်ဆုံးအပူချိန်		
၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ်(၇၀ ဒီဂရီဖာရင်ဟိုက်)		၅-၇-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း		၅-၇-၂၀၀၈
နေပူသည့်နာရီပေါင်း	၁ဒသမ၀နာရီခန့်	၄-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၅-၇-၂၀၀၈	၉မမ(၀.၃၅လက်မ)	၂၆မမ(၁.၀၃ လက်မ)	၄မမ(၀.၁၅လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၀၇၆ မမ (၄၂.၃၆လက်မ)	၁၃၅၅မမ (၅၃.၃၅ လက်မ)	၁၆၇၄ မမ (၆၅.၉၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၇-၂၀၀၈ ရက် ၁၇း၀၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ (၇)မိုင်နှုန်း တိုက်ခတ်သည်။

ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော်ကိုင်းဒိုးကျွန်းတွင် ပုံစံသစ် တီထွင်ထားသော အငှားယာဉ်တစ်စီးကို ဇူလိုင် ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက်ကိန်းက အိုဘားမား၏ ကုန်သွယ်ရေးမူဝါဒကို ဝေဖန်

မက္ကဆီကိုစီးတီး ဇူလိုင် ၄

အမေရိကန် ပြည်ထောင်စု ရီပတ်ဘလီကန်သမ္မတလောင်းဂျွန်မက်ကိန်းသည် ၎င်း၏ပြိုင်ဘက် ဒီမိုကရက်ဘာရက်အိုဘားမား၏ ကုန်သွယ်ရေးဆိုင်ရာမူဝါဒကို ဇူလိုင် ၃ ရက်က ပြင်းထန်စွာ ဝေဖန်လိုက်သည်။

မက်ကိန်းသည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒကို ထုတ်ဖော် ပြောဆိုရန်အတွက် လက်တင်အမေရိကနိုင်ငံများသို့ခရီးထွက်ခဲ့ရာယခုအခါ နောက်ဆုံးခရီးစဉ်အဖြစ် မက္ကဆီကိုနိုင်ငံသို့ရောက်ရှိနေသည်။

အိုဘားမား၏ သဘောထားရပ်တည်ချက်နှင့် ကွဲပြားသောဂင်း၏ လွတ်လပ်စွာ ကုန်သွယ်ခွင့်ကို ထောက်ခံသည့် အချက်အား လူသိရှင်ကြား ဖြစ်လာစေရန် ယခုတစ်ပတ်အတွင်း ကိုလံဘီယာနှင့် မက္ကဆီကိုနိုင်ငံများသို့ အလည်အပတ်ခရီးရောက်ရှိစဉ်က အသုံးချခဲ့သည်။

ခြိမ်းခြောက်

အိုဘားမားက အလုပ်သမားများ၏ လုပ်ငန်းခွင်သာယာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တိုးတက်လာစေရန် ပြောင်းလဲမှုမလုပ်ခဲ့လျှင် မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်စာချုပ်(နက်ဖ်တာ)မှနုတ်ထွက်ရလိမ့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထို့ပြင် ကိုလံဘီယာနှင့် ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရန်ကိုလည်း ဆန့်ကျင်သည်။

ဝေဖန်

မက်ကိန်းသည် မက္ကဆီကိုသမ္မတ ဖိလစ်ကားလ်ဒီရွန်နှင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လူအများ ရွှေ့ပြောင်းနေထိုင်ကြခြင်း၊ မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ခြင်းတို့ကို ဆွေးနွေးပြီးနောက် အိုဘားမားကို အမည်မဖော်ဘဲ ၎င်း၏ နက်ဖ်တာအပေါ်ထားရှိသော မူဝါဒသဘောထားနှင့်ပတ်သက်၍ ဝေဖန်တိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နှင့်ရုရှားသမ္မတတို့ တိုကျိုမြို့၌ ပထမအကြိမ် တွေ့ဆုံမည်

ဝါရှင်တန် ဇူလိုင် ၄

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အနေဖြင့် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် လာမည့်အပတ်တွင် ဂျပန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ မေလအတွင်းက ရုရှားသမ္မတ မက်ဗီဒက်ဗ် အာဏာရရှိခဲ့ပြီးနောက် ၎င်းတို့အနေဖြင့် ပထမဦးဆုံးတွေ့ဆုံဆွေးနွေးရန် စီစဉ်ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရ ဒါနာပါရီနိုကဇူလိုင်၃ရက်တွင်ပြောကြားသည်။

ဘုရှ်နှင့် မက်ဗီဒက်ဗ်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟိုတယ်တစ်ခုတွင်တွေ့ဆုံကြမည်ဖြစ်သည်။ ၎င်းတို့သည်ဇူလိုင် ၇ရက်မှ ၉ရက်ထိကျင်းပရန်ရှိသည့် ဂျီ ၈ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်သို့ အလာ ယခုကဲ့သို့ တွေ့ဆုံရန် စီစဉ်ခြင်းဖြစ်သည်။

အမေရိကန်နှင့် ရုရှားထိပ်သီးခေါင်းဆောင်များအနေဖြင့် အဆိုပါဆွေးနွေးပွဲတွင် အပြင်းအထန် အငြင်းပွားခဲ့ရသည့် အမေရိကန်တာဝေးပစ်ဒုံးကျည်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအပြန်အလှန်စိုးရိမ်ပူပန်လျက်ရှိမှုများအပေါ် အလေးထားဆွေးနွေးမည်ဟု ယူဆရသည်။

ဘုရှ်၏ စီမံကိန်းများတွင် ရေဒါအခြေခံစခန်းကို ချက်နိုင်ငံတွင်ချထားမည်ဖြစ်ပြီး တာဝေးပစ်ဒုံးကျည် ၁၀ စင်းအားပိုလန်တွင်ထားရှိမည်ဖြစ်သည်။ ထိုအစီအစဉ်သည် အမေရိကန်၏ ဥရောပတာဝေးပစ်ဒုံးကျည်ကာကွယ်ရေးစနစ်တိုးချဲ့ရေးကြိုးပမ်းအားထုတ်မှုပင်ဖြစ်သည်။

ရုရှားနိုင်ငံက အဆိုပါလုပ်ငန်းစဉ်အပေါ် အပြင်းအထန် ကန့်ကွက်သည့်အပြင်ရုရှားနိုင်ငံ၏ လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်ယူဆထားသည်။ သို့သော် အမေရိကန်တို့ကမူ အဆိုပါလုပ်ငန်းစဉ်သည် ရုရှားတို့အပေါ် ပစ်မှတ်ထားခြင်း မဟုတ်ဘဲ အရှေ့အလယ်ပိုင်းရှိ အစုလိုက်အပြုံလိုက် သေစေသော လက်နက်များ ထုတ်လုပ်ရန်ကြိုးပမ်းသည့်နိုင်ငံများကိုသာ ရည်ရွယ်ကြောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လက်ဘနွန်ရှိ ကုလတပ်ဖွဲ့မှ တူရကီတပ်ဖွဲ့ဝင်များ ဆက်လက်နေခွင့်ပြုရန် တူရကီအစိုးရ အဆိုပြု

အန်ကာရာ ဇူလိုင် ၄

လက်ဘနွန်ရှိကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်(ယူနီဖီးလ်)အောက်တွင် တူရကီတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ခွင့်အမိန့်ကို နောက်ထပ်တစ်နှစ် တိုးမြှင့်ပေးရန် တူရကီအစိုးရက ပါလီမန်သို့ အဆိုတစ်ရပ်တင်သွင်းခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရှိရသည်။ တူရကီနိုင်ငံက ငြိမ်းချမ်းရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့ပြီး ယူနီဖီးလ်က တာဝန်ယူဆောင်ရွက်ခဲ့သည့်ရေကြောင်းနှင့်ကြည်းကြောင်းစစ်ဆင်ရာတွင်ပါဝင်ခဲ့ကာ ဝန်ကြီးချုပ်ရီဆက်တေယစ်အာဒိုဂန်က လက်မှတ်ရေးထိုးခဲ့သည်ဟု အဆိုပြုချက်တွင်ဖော်ပြထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ၂၀၀၆ခုနှစ်ဩဂုတ် ၁၁ ရက်ဆုံးဖြတ်ချက်နှင့်တူရကီပါလီမန်၏ဆုံးဖြတ်ချက်အရတူရကီတပ်ဖွဲ့ဝင်များသည်လက်ဘနွန်တွင်တစ်နှစ်ချထားရန် ခွင့်ပြုခဲ့သည်။ တူရကီပါလီမန်က ဆုံးဖြတ်ချက်ချမှတ်အပြီး လက်ဘနွန်တွင်တူရကီတပ်ဖွဲ့ဝင်များချထားခွင့်ကို၂၀၀၇ ခုနှစ် စက်တင်ဘာအထိတိုးမြှင့်ပေးခဲ့သည်။ယူနီဖီးလ်တပ်ဖွဲ့ဝင်များလက်ဘနွန်တွင်ဆက်လက်ချထားမည့်နောက်ထပ်ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်ဖွယ်ရှိသည်ဟုအဆိုပြုချက်အရသိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရှေ့ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်း
များ

မိသားစုဝင်လေးဦးအား သတ်ဖြတ်သူ ဩစတြီးယားအမျိုးသားတစ်ဦးအား ရဲကလိုက်လံရှာဖွေ

ဗီယင်နာ ဇူလိုင် ၄

အသက် ၆၆နှစ်အရွယ် အမျိုးသားတစ်ဦးအား အမွေဆိုင်တိုက်ခန်းကိစ္စနှင့် ပတ်သက်၍ အချင်းများပြီးနောက် ၎င်း၏အစ်ကို ဇနီးမောင်နှံနှင့် ညီမ ဇနီးမောင်နှံတို့အား ပစ်သတ်ခဲ့မှုဖြင့် ဩစတြီးယားရဲတပ်ဖွဲ့က အပူတပြင်းလိုက်လံ ရှာဖွေလျက်ရှိကြောင်း ဇူလိုင်၂ရက်တွင် ရဲတပ်ဖွဲ့ကပြောကြားသည်။ အဆိုပါ မိသားစုဝင်များကို ဆွေမျိုးသားချင်းများက ဆက်သွယ်၍ မရသောကြောင့် ရဲကိုအကြောင်းကြားရာမှ ဗီယင်နာမြို့စွန် စထရာရှော့ဖ်အရပ်ရှိ ၎င်းတို့နေထိုင်ရာအိမ်၌ ဇူလိုင်၂ရက်တွင် ရဲတပ်ဖွဲ့ဝင်များက အလောင်းများ တွေ့ရှိရခြင်းဖြစ်သည်ဟု သိရသည်။

သံသယရှိသော လူသတ်သမားမှာ ဂျိုးဆက်ဘရန်နစ်ဖြစ်ပြီး ၎င်းမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ ယခုတိုင်လက်နက်ကိုင်ဆောင်ထားဆဲဖြစ်သည်ဟု ယူဆရကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။ဘရန်နစ်သည် ပြီးခဲ့သောတနင်္လာနေ့က ၎င်းနေထိုင်ရာ တိုက်ခန်းမှ မောင်းချခံခဲ့ရသည်။ ထိုတိုက်ခန်းမှာ ၎င်း၏ညီမပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး ယင်းတို့နှစ်ဦးမှာ အခန်းကိစ္စနှင့်ပတ်သက်ပြီး အချိန်ကြာမြင့်စွာကပင် အငြင်းပွားခဲ့သည်ဟု သိရသည်။

ထိုသို့အငြင်းပွားမှုမှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး ဂျိုးဆက်ဘရန်နစ်မှာ ၎င်း၏ညီမ ဘန်နာဂျေ၊ အမျိုးသားနှင့် ၎င်း၏ အစ်ကို ဖရန့်ဘီနှင့် ဇနီးတို့အား မကျေမနပ်ဖြစ်ခဲ့သည်။ ထိုအချက်မှာ အခင်းဖြစ်ပွားရာနေရာ၌ တွေ့ရှိခဲ့သော စာတစ်စောင်ကြောင့် သိရှိရခြင်းဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဘီလာရုစ်နိုင်ငံ မင့်က်စ်မြို့အနီးတွင် လက်နက်တိုက် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ဆေးဘက် ကယ်ဆယ်ရေးအဖွဲ့များက ပြုစုနေသည်ကို ဇူလိုင် ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကနေဒါ အကျဉ်းထောင်၌ အကြမ်းဖက်မှုဖြစ်ပွား ရှစ်ဦးဒဏ်ရာရရှိ

အော့တဝါ ဇူလိုင် ၄

ကနေဒါနိုင်ငံ အနောက်ဘက် အယ်လ်ဘာတာပြည်နယ်ရှိ အကျဉ်းထောင်၌ ဇူလိုင် ၁ ရက်က အကျဉ်းသားများ အကြမ်းဖက်မှု ဖြစ်ပွားမှုကြောင့် ရှစ်ဦးဒဏ်ရာ ပြင်းထန်စွာ ရရှိကြောင်း တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အကျဉ်းထောင်၌ရှိသည့် အကျဉ်းသမား ၂၂၀ ခန့်ကို လောလောဆယ် ထိန်းချုပ်ထားကြောင်း ကနေဒါနိုင်ငံ အကျဉ်းဦးစီးဌာနက ဗုဒ္ဓဟူးနေ့ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံဟူဘေးပြည်နယ် အင်ရှီမြို့တွင် မိုးသည်းထန်စွာ ရွာပြီးနောက် လမ်းများ ရေဖုံးလွှမ်းနေသည်ကို ဇူလိုင် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူလေးဦး သေဆုံး၊ ၁၁ ဦး ဒဏ်ရာရရှိ

မနီလာ ဇူလိုင် ၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း နာဘူတူရန်မြို့ရှိ မုန့်တိုက်တစ်ခု၌ ဇူလိုင် ၃ ရက် အရုဏ်တက်ချိန်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လေးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ ကွန်မြူနစ်သူပုန်များ၏ လက်ချက်ဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး နာရီပိုင်းအကြာတွင် နောက်ကွန်မြူနစ်အုပ်စုဖြစ်သည့် ပြည်သူ့တပ်မတော်သစ် (အင်ပီအေ) ပြောက်ကျားများက မင်ဒါနာအိုကျွန်းတောင်ပိုင်း ပြည်နယ်အနီးရှိ မြို့တော်ခန်းမကို စီးနင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က မော်တော်ဆိုင်ကယ်ဖြင့် မုန့်တိုက်အတွင်းဝင်ရောက်ကာ ဗုံးဖြင့်ဖောက်ခွဲမှုကြောင့် သုံးဦးသေဆုံးသည်ဟု ဗိုလ်မှူး အာမက်ရီကိုက ပြော၏။ ယင်းတိုက်ခိုက်မှုသည် အင်ပီအေသူပုန်များ၏ လက်ချက်ဖြစ်ကြောင်း ရီကိုက ထည့်သွင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၂၀ပြည့်နှစ်တွင် တရုတ်၌ နှံစားသီးနှံထုတ်လုပ်မှု ကီလိုဂရမ် ဘီလီယံ ၅၄၀ ရောက်ရှိရန်လျာထား

ပေကျင်း ဇူလိုင် ၄

တရုတ်နိုင်ငံ ဝန်ကြီးအဖွဲ့က လာမည့် ၁၂ နှစ်အကြာတွင် နိုင်ငံ၏နှံစားသီးနှံ ဖူလုံမှုအတိုင်းအဆသည် ၉၅ ရာခိုင်နှုန်းအထိ ရောက်ရှိလာစေမည့် အစီအမံများကို လက်ခံအတည်ပြုလိုက်သည်။

၂၀၁၀ပြည့်နှစ်တွင် နှံစားသီးနှံ ထုတ်လုပ်မှုပမာဏ ကီလိုဂရမ် ၅၀၀ ဘီလီယံသို့ ရောက်ရှိရန်လျာထား သတ်မှတ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကီလိုဂရမ် ဘီလီယံ၅၄၀ သို့ရောက်ရှိရန်လျာထားချက် အစီအစဉ်အား အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်ကောင်စီက သဘောတူလက်ခံခဲ့သည်။

တရုတ်နိုင်ငံတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် မြို့ပြများ လျင်မြန်စွာ ကြီးထွားလာမှုတို့ကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှု၊ မြေယာနှင့် ရေရှားပါးမှုတို့ကြောင့်လည်းကောင်း နှံစားသီးနှံထုတ်လုပ်သူများအနေဖြင့် ရိက္ခာတိုးမြှင့်ထုတ်လုပ်ရန် အခက်အခဲများရှိနေသည်ဟူသော အခြေအနေကို ဝန်ကြီးချုပ် ဝမ်ကျားပေါင် တက်ရောက်သော အဆိုပါ အစည်းအဝေးတွင် တင်ပြအစီရင်ခံခဲ့သည်။

အားထုတ်

စိုက်ပျိုးနိုင်သောမြေကို အနည်းဆုံး ဟက်တာသန်း ၁၂၀အထိ ရရှိရန် မရပ်မနား အားထုတ်ကြိုးပမ်းမှုများ ပြုလုပ်သင့်ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် ရေအရင်းအမြစ်လုံလောက်စွာ ရရှိရေးကိစ္စလည်း တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းပြုလုပ်သွားရန်လိုအပ်ကြောင်း အစည်းအဝေး၌ တိုက်တွန်းပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာနိုင်ငံ ဗာဗူနီယာဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားများအား စစ်ဆေးနေသည်ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အကြမ်းဖက်သမားတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်လာသည်ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယာဉ်မောင်းအိပ်ငိုက်၍ တံတားကိုတိုက် ခရီးသည် ၂၅ဦး သေဆုံး

တီဟီရန် ဇူလိုင် ၄

ခရီးသည်တင် ဘတ်စ်ကားယာဉ်မောင်းသည် ဇူလိုင် ၁ ရက်က အိပ်ငိုက်ပြီးမောင်းနှင်သဖြင့် တံတားတစ်ခုကိုတိုက်မိ၍ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ လူ ၂၅ဦးသေဆုံးကြောင်း အီရန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မတော်တဆမှုသည် အီရန်နိုင်ငံ မြို့တော်တီဟီရန် တောင်ဘက် ၃၅ ကီလိုမီတာခန့် အကွာရှိ ကွမ်မြို့ အဝေးပြေးလမ်းမတွင် ဖြစ်ပွားခဲ့ကြောင်း ယင်းဘတ်စ်ကား မတော်တဆမှုသည် ဆီးရီးယားနိုင်ငံသို့သွားသည့်လမ်းမတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ကြေညာသွားသည်။

အီရန်နိုင်ငံသည် ကမ္ဘာတွင် ယာဉ်မတော်တဆမှုဖြစ်ပွားနှုန်း အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည် ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်၌ ပူးပေါင်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကဘူး ဇူလိုင် ၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ် အာဂန်ဒတ်ခရိုင်တွင် ဇွန် ၂၉ ရက်က အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ ကင်းလှည့်ယာဉ်တစ်စီး မြစ်အတွင်းသို့ ထိုးကျမှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း နိုင်ငံစုံတပ်ဖွဲ့က ပြောကြားသည်။ ယင်းမတော်တဆဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် တည်ငြိမ်ရေးအတွက် အထောက်အကူပြုနိုင်ရန် နိုင်ငံစုံတပ်ဖွဲ့ဝင်အင်အား ၇၀၀၀၀ ကို တပ်ဖြန့်ချထားသည်။ ယင်းနိုင်ငံစုံတပ်ဖွဲ့များအား တာလီဘန် စစ်သွေးကြွများက ဗုံးများနှင့် ချုံခိုတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

ယခုနှစ်၌ အာဖဂန်နစ္စတန် နိုင်ငံတွင် နိုင်ငံစုံတပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံးသူဦးရေမှာ ၁၀၀ ကျော်ရှိကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့လယ်တွင် ယာဉ်အသွားအလာများပြားမှုကြောင့် ပိတ်ဆို့နေသည်ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ပါလက်စတိုင်းနှင့် အစ္စရေးတို့ အေသင်မြို့တွင် တွေ့ဆုံဆွေးနွေး

အေသင် ဇူလိုင် ၃

ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အဘတ်(ခ်)နှင့်အစ္စရေးဝန်ကြီးချုပ်ဟောင်းဖြစ်ခဲ့ပြီးယခုကာကွယ်ရေးဝန်ကြီးဖြစ်နေသူ အီဟွတ်ဘာရတ်တို့ အေသင်မြို့တွင် အင်္ဂါနေ့က ခဏတာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အလေးထားဖော်ပြ

အစ္စရေးအနေဖြင့် ငြိမ်းချမ်းရေးလိုလားမှုရှိကြောင်း သက်သေပြသည့်အနေဖြင့် ပထမဆုံးအဆင့်အဖြစ် အိမ်ရာဆောက်လုပ်မှုများရပ်ဆိုင်းခြင်း၊ ထောင်ပေါင်းများစွာရှိ ပါလက်စတိုင်းပြည်သူလူထု၏ အသက်အိုးအိမ်အား ဖျက်ဆီးနေသည့် နယ်စပ်ရှိ စစ်ဆေးရေးဂိတ် ၆၇၀ ခန့် ပြန်လည်ဖွင့်လှစ်ပေးခြင်း၊ ပါလက်စတိုင်းအကျဉ်းသား ၁၁၀၀ တို့အား ပြန်လွှတ်ခြင်းတို့ကို အကောင်အထည် ဖော်ပေးရမည်ဟု အဘတ်(ခ်)က အခိုင်အမာ ထပ်လောင်းပြောကြားသည်။ အဘတ်(ခ်)က အစ္စရေးနှင့် အာရပ် ၅၇နိုင်ငံအတွင်း ဆက်ဆံရေး တိုးတက်စေရန် ဆောင်ရွက်ခဲ့သည့် အာရပ်အဖွဲ့ချုပ်၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုအပေါ် ချီးကျူးကာ အလေးထား ဖော်ပြခဲ့သည်။

အာရပ်အဖွဲ့၏ ရှေ့ဆောင်ရှေ့ရွက်ဖြစ်သည့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က လမ်းပြမြေပုံနှင့် သမ္မတဘုရှ်၏ သဘောထားအမြင်ကို လက်ခံပြီး ဂျေရုဆလင်ကို မြို့တော်အဖြစ်ထားမည့် လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံ တည်ထောင်မှုကို ရည်ညွှန်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ ဗီးနပ်စ်ဝီလျံက ဆီရီနာကိုအနိုင်ရပြီး ငါးကြိမ်မြောက်ဖိုလ်စွဲ

လန်ဒန် ဇူလိုင် ၅

ဗီးနပ်စ်ဝီလျံသည် ၎င်း၏ညီမငယ် ဆီရီနာဝီလျံကို စနေနေ့ကကျင်းပသော ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ၇-၅၊ ၆-၄ဖြင့် အနိုင်ရရှိကာ အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဆုကို ငါးကြိမ်မြောက်ဆွတ်ခူးသွားသည်။

ချန်ပီယံကာကွယ်သူ ဗီးနပ်စ်ဝီလျံသည် ဆီရီနာကို ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် နှစ်ကြိမ်သာရှုံးဖူးသေးသည်။ ယခု ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် အဓိကပြိုင်ပွဲကြီး ခုနစ်ပွဲအနိုင်ရရှိသူဖြစ်လာသည်။ ဆီရီနာမှာ နှစ်ကြိမ်သာ ဗိုလ်စွဲခဲ့ဖူးသည်။ ဝီလျံညီအစ်မနှစ်ဦးသည် စနေနေ့နှောင်းပိုင်းတွင် အမျိုးသမီး နှစ်ယောက်တွဲဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ဝင်ဘယ်လ်ဒန်တင်းနစ် ပြိုင်ပွဲအကြိုဗိုလ်လုပွဲတွင် တရုတ်တင်းနစ်မယ် ဇီယန်အား အနိုင်ရရှိ ခဲ့သော ဆီရီနာဝီလျံသည် ၎င်းအစ်မဖြစ်သူနှင့် ဗိုလ်လုပွဲ၌ တတိယအကြိမ်မြောက်အဖြစ် တွေ့ဆုံခဲ့သည်။

တရုတ်မှ ဇီယန်(ကမ္ဘာ့အဆင့် ၁၃၃)သည် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲ တတိယဆင့်တွင် ပြင်သစ်အိုးပင်းချန်ပီယံ ကမ္ဘာ့အဆင့်(၁)ဖြစ်သူ အိုင်ဗန်နိုဗစ်ကို ၆-၁၊ ၆-၄ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်၌ဒီဆိုဗာအား ၆-၂၊ ၇-၅၊ ၆-၁ ဖြင့်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ခဲ့ခြင်းဖြစ်သည်။

“ဒီနေ့ ကျွန်မကစားခဲ့တာကို ကျွန်မ အားရကျေနပ်မိပါတယ်၊ဒါပေမယ့် ဝီလျံရဲ့ စပေးဘောတွေဟာ ကျွန်မအတွက် အတော်လေး အခက်အခဲကြုံတွေ့စေပါတယ်။ အထူးသဖြင့် အခုလိုမြက်ခင်းကွင်းပြင်မှာပေါ့၊ တခြားကွင်းမှာဆိုရင် ကျွန်မအခွင့်အရေးကောင်းတွေ ရလာနိုင်မယ်ထင်ပါတယ်၊ ဒုတိယပွဲငယ်မှာဆိုရင် ကျွန်မနိုင်ဖို့တောင် အခွင့်အရေးတွေရှိခဲ့ပါတယ်”ဟု ဇီယန်က အကြိုဗိုလ်လုပွဲအပြီး၌ပြောကြားသည်။

ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် တနင်္ဂနွေနေ့တွင် လက်ရှိချန်ပီယံ ဖက်ဒဲရားနှင့် နာဒဲလ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **အင်တာနက်။**

(၂၀) နှစ်ပြည့် မင်္ဂလာဆုတောင်း

၆-၇-၂၀၀၈ ရက်နေ့တွင် ကျရောက်သော ဖေဖေ**ဦးကျော်ကျော်စိုး** (MD System Engineering Co., Ltd.) နှင့် မေမေ **ဒေါ်နွယ်နွယ်မင်း(ခ) မီးမီး** တို့၏ (၂၀) နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင်အောင် အေးချမ်းပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်သမီး-အိမွန်စိုး
ချစ်သား-ပြေစိုး

TIME ELECTRONICS CENTRE
TV,VCD,DVD အထူးသင်တန်း
SATELLITE RECEIVER အထူးသင်တန်း
COMPUTER TRAINING (DTP,GRAPHIC ,E.MAIL,INTERNET)

CORNERSTONE
School of English
Learning-by-doing
Preschool (3-5) Years
School Bus Available
Address : Building (C), No.(104), Hiway Complex, Narnataw Road, Kamayut Tsp. Yangon. Ph : 503074 , 09502-5559

ရွှေပေါက်ကံတွင် တိုက်နှင့်နေချင်သူများအတွက်

ပေ ၄၀ x ၆၀ ပေ ဂရန်မြေပေါ်တွင် ၂၀ ပေ x ၆၀ ပေ အပြည့်ဆောက်လုပ်ထားသော (၄)နှစ်သက်တမ်းရှိ ရေ မီးပါဝင် သည့် တစ်ထပ်တိုက်သစ်ကို သိန်း (၈၀)တည်းနှင့်ရောင်းမည်။

အိမ်လာကြည့်ရန် - ဦးမြတ်စိုး၊ အမှတ် (၆၇)၊ မန္တလေးလမ်း၊ (၁၃)ရပ်ကွက်၊ တံတားဖြူမှတ်တိုင်၊ ရွှေပေါက်ကံမြို့သစ်။

ဖုန်း - ၅၇၉၁၉၁၊ ၀၉ ၅၀ ၀၀၃၀၅

ကုက္ကိုင်းရေကူးအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၇-၂၀၀၈ ခုနှစ် ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (က)အသင်းဝင်တိုင်း မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၂၇-၇-၂၀၀၈ (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - အသင်းခန်းမ

အမှုဆောင်ကော်မတီ၏ ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းပါ အချက်အလက်များနှင့် အခြားအကြံပြုဆွေးနွေးလိုသောအချက်များကို ၂၀-၇-၂၀၀၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့သို့ စာဖြင့်ကြိုတင်ရေးသားပေးပို့နိုင်ပါသည်။

တက်ရောက်သည့် (က) အသင်းဝင်တိုင်းအတွက် နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

မေတ္တာလက်ဆောင်ကံစမ်းမဲလည်း စီစဉ်ထားပါသည်။

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း

၀၉-၅၁၃၉၂၆၄။
မောင်ညိုမှိုင်း(သန့်လျှင်)

အကိုက်ခဲမှန်သမျှဝေးရာပြေး 'မြွေဟောက်'ဒဏ်ကြေလိမ်းဆေး
မြွေမှာဆိုဘုရင် ဒဏ်ကြေမှာ'မြွေဟောက်'
သုံးစွဲသူတိုင်းအကြိုက်တွေ့တဲ့ 'မြွေဟောက်' ဒဏ်ကြေလိမ်းဆေး
အမြို့မြို့အနယ်နယ်ရှိဆေးဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။
ဖုန်း-၃၉၄၇၆၀၊၃၉၄၈၅၈၊၂၄၅၃၄၄၊၃၇၃၈၆၃၊၀၂-၆၈၇၀၃၊၀၂-၃၉၇၃၄

GHEC
* IELTS Foundation Class
* English Speaking
* Academic Writing
* Special Interview Preparation
July - တန်းခွဲများစတင်ပါပြီ
၄-က၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်
ဖုန်း- 095020479, 095018546

ဗေဒင်သင်တန်း

ကမ္ဘာ့နက္ခတ်ပညာရှင်အဓိပတိဆရာကြီးဦးမြကြီး အာကာသသိပ္ပံနက္ခတ္တဗေဒအဖွဲ့

ဆရာကြီး၏တပည့်များဖြစ်သောဆရာများမှအချိန်တိုအတွင်း အခြေခံအဆင့်မှာပင် ဟောပြောတတ်အောင် လက်တွေ့သင်ကြားပေးနေပါသည်။

နက္ခတ္တဗေဒပညာဖြင့် ရဲရဲရင့်ရင့် ဟောတတ်လိုပါက အမြန်ဆုံး ဆက်သွယ်စာရင်းပေးသွင်းကြပါ။

အပတ်စဉ်(၂) သင်တန်းသားများ လက်ခံနေပါသည်။

အခြေခံအဆင့်သင်တန်း -၁၅-၇-၂၀၀၈(၁)လဖွင့်မည်။

ဒုတိယဒွိစက္ကသင်တန်း -၇-၇-၂၀၀၈(၂)လ ဖွင့်မည်။

ဆက်သွယ်ရန်လိပ်စာ-
မင်္ဂလာရွှေကျင်တိုက်ကြီး
ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-095068426

မဟာပဋ္ဌာန်း ဝိပဿနာ သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်းရှိ သုဓမ္မာတိုက် မဟာပဋ္ဌာန်းကျောင်းတိုက်၌ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပဋ္ဌာန်းပါဠိတော်နည်းအရ မဟာပဋ္ဌာန်း ဝိပဿနာ အလုပ်ပေးတရားသင်တန်းကို မဟာပဋ္ဌာန်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ အရှင်သူမြတ်က ဇူလိုင် ၂၆ ရက်မှ စ၍ အပတ်စဉ်စနေနေ့၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ၃ နာရီအထိ ပို့ချမည်ဖြစ်၍ ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ အထက်ပါ ကျောင်းတိုက်သို့ စာရင်းပေးသွင်းနိုင်ကာ သိရှိလိုသည်များကို ဖုန်း ၀၉ ၅၁ ၄၄၃၆၁ သို့ စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဝင်းထွန်းကုမ္ပဏီတွင် ဇူလိုင် ၃ ရက်က မြောင်းမြမြို့နယ် ကံဘဲ့လေးကျေးရွာရှိ လေဘေးသင့်ခံရသော မဟာတေဇဝန် ပရိယတ္တိစာသင်တိုက်အား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ ယင်းစာသင်တိုက်ဆရာတော် ဦးတေဇိန္ဒာဝရ (မွေ့စရိယ) ၏ အကျိုးဆောင်များ ဦးလှထွန်း-ဒေါ်ခင်ရီ မိသားစုက အလှူငွေကျပ် ၂၂သိန်းပေးအပ်လှူဒါန်းစဉ်။ (၁၉)

ဓမ္မအောင်မြေ ဦးကောဝိဒ သာသနာပြုခရီးကြွရောက်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ရွှေဘုန်းပွင့်ဘုရားလမ်း ဓမ္မအောင်မြေ စာသင်တိုက်မှ ပဓာနနာယကဆရာတော်ဘဒ္ဒန္တကောဝိဒ (ဓမ္မကထိက) အရှင်သူမြတ်သည် ဂျပန်ရှိ ဒါယကာဒါယိကာမများ၏ ပင့်ဖိတ်ချက်အရ ဇွန် ၂၈ရက်က ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် သာသနာပြုခရီး ကြွရောက်တော်မူကြောင်း သတင်းရရှိသည်။ (က-ပ)

ဖျာပုံမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၅

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည် ဖြစ်ရာ ကမာရွတ်မြို့နယ် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အသင်းသား အသင်းသူများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းဒုတိယဥက္ကဋ္ဌ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ၂၅၀၂၃၆၊ ဒုတိယဥက္ကဋ္ဌ ဦးကျင်အောင် ဖုန်း-၂၂၄၄၈၂၊ အတွင်းရေးမှူး ဦးခင်ဦး ဖုန်း-၅၁၄၈၇၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ၀၉ ၅၀-၂၆၈၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လုပ်ငန်းရှင်များအတွက်သတင်းကောင်း

ရန်ကုန်မြို့လယ်အချက်အခြာကျသောဟံသာဝတီအဆင့်မြင့်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းအရှေ့၊အနောက်၊မြောက်ဘက်ခြမ်းနှင့်အဆောက်အဦးအပေါ်/အောက်ထပ်များတွင်ကြော်ငြာများ၊ ဆိုင်းဘုတ်များ ချိတ်ဆွဲကြော်ငြာခြင်းဖြင့် သင်၏စီးပွားရေးလုပ်ငန်းများအောင်မြင်မှုကို ရယူနိုင်ပါသည်။ စိတ်ဝင်စားမှုရှိပါကအောက်ပါလိပ်စာသို့လာရောက်ကြည့်ရှုစုံစမ်းနိုင်ပါသည်။

ဟံသာဝတီ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း
ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ကမာရွတ်မြို့နယ်။
ဖုန်း - ၅၀၂၈၉၄ ၊ ၅၀၂၈၉၆ လိုင်းခွဲ -၂၀၂ /၀

လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင် ခေါင်းဆောင်သော အဖွဲ့ဝင် ၃၃ဦး ပါဝင်သည့်အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တစ်ရပ်အဖြစ် ရန်ကုန်တိုင်း ကွမ်းခြံကုန်း မြို့နယ်နှင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်များသို့ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ထွက်ခွာ၍ လေဘေးသင့် ပြည်သူများအား တစ်ရက်တာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခဲ့သည်။

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်းရှိ မော်အိမ်ကျေးရွာတွင် လူနာ ၁၇၈ဦးအား ဆေးကုသစောင့်ရှောက်မှုပေးခဲ့သည့်အပြင် ကျေးရွာပြည်သူများအား ပညာပေးဟောပြောခြင်း၊ ကလေးများအတွက် စိတ်ပျော်ရွှင်ရေးအစီအစဉ်များနှင့် ကျန်းမာရေးပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပြည်သူ ၂၀၀ ကျော်အား Hourchold Package ၅၀၊ Hygienic Kid ၁၅၀၊ Dignity Kid ၂၀၀၊ လက်နှိပ်ဓာတ်မီး ၁၀၀၊ မုန့်မျိုးစုံနှင့် အဝတ်အထည်ပစ္စည်းများကို စနစ်တကျ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ကျန်းမာရေး)

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ရှိ စေတီတော်အား ပြန်လည်ပြုပြင်ရန်အတွက် ဇူလိုင် ၅ ရက်က အလှူတော်ငွေကျပ် ၃၇၅၀၀၀ကို အသင်းကိုယ်စားအတွင်းရေးမှူး ဦးအောင်နိုင်က ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံ ရေစက်ချလှူဒါန်းရာ တပည့်ဒါယကာတစ်ဦး လက်ခံယူစဉ်။ (၁၉)

မဟာဆေးဝင်္ကဘာကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝင်္ကဘာကျောင်းတိုက် (၄၉) ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်နေ့) နံနက် ၉နာရီတွင် ရွှေကျောင်းပေါ်၌ ကျင်းပမည်ဖြစ်ရာ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မအား အမှူးထား၍ သံဃာတော်အပါး ၁၀၀ တို့အား ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူ၍ နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်သည်တော်များအား နံနက်စာဖြင့် ဧည့်ခံမည်ဖြစ်ရာ အလှူရှင်များ ဖုန်း -၆၄၀၃၆၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တောင်ဥက္ကလာပ မြို့နယ် အမှတ်(၅)ရပ်ကွက်၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်း၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်လှရွှေတို့ ဦးဆောင်၍မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းတို့ရပ်ကွက်အတွင်း ဇွန် ၂၉ ရက်က သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်ကြစဉ်။ (၆၃)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးငြိမ်းကျော်(မြင်းစီးအဖွဲ့ချုပ်)သည် ဇွန် ၂၈ရက် မွန်းလွဲ ၂နာရီက ကစားဖော်များဖြစ်သော ဒေါက်တာ အေးထွန်း၊ ဦးမောင်အီ၊ ဦးစိုးမင်းဦး၊ ဦးတင်ဦးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)၊ (၁၈၅)ကိုက်အကွာမှ NEW BREED No.(1)ဘောလုံးအား PING G-2(4)တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

အတည်ပြုချိန် ၂း၅၀

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘောကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘောသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ကြေးမုံ The Mirror ယနေ့သတင်းဆောင်းပါး

မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရမှုများကို ပြန်လည်ရှင်းလင်းပြုပြင်နေရသည့်အတွက် အခိုက်အတန့်အားဖြင့် ပိတ်ထားခဲ့ရသော တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ကို ဇူလိုင် ၁ ရက်မှ စတင်၍ နေ့စဉ် ပုံမှန် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ သွားရောက် ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြပြီ။

ဝင်းနိုင်(ကြေးမုံ)၏ (သတင်းဆောင်းပါး) စာမျက်နှာ-၅

အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်

ရန်ကုန် ဆိပ်ကမ်းတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)